# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၉၄)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။"

(ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# ဒုတိယသမ္မတ ဦးညွန့်ထွန်း လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုံအခမ်းအနား အစမ်းလေ့ကျင့်နေမှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

ဗိုလ်ရှုံအခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုံမဏ္ဍပ်ရှေ့ဥပစာ၌ ပြုလုပ်သည့် ၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် နံနက် ၄ နာရီ မိနစ် ၂၀၌ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကြရာ တိုင်းရင်းသားတိုင်းရင်းသူလေးများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် အခမ်းအနားတွင် သရုပ်ပြချီတက်ကြမည့် စစ်ကြောင်းများက ဗိုလ်ရှုံမဏ္ဍပ်ရှေ့သို့ ချီတက်ဝင်ရောက်လာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဇာတိမာန်တက်ကြွဖွယ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ချီတက်အလေးပြုကြမည့် စစ်ကြောင်းများမှ ကြည်း၊ ရေ၊ လေ တပ်မတော်စစ်ကြောင်းများ၊ ဘင်ခရာတပ်ဖွဲ့ဝင်စစ်ကြောင်းများ၊ အမျိုးသား အမျိုးသမီး တပ်မတော်အရာရှိ စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာကိုယ်စားပြု စစ်ကြောင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု စစ်ကြောင်းများ၊ မြန်မာနိုင်ငံကင်းထောက်တပ်ဖွဲ့ဝင် စစ်ကြောင်း၊ တပ်မတော်သံချပ်ကာ၊ အမြောက်နှင့်ယန္တရား စစ်ကြောင်းများက စစ်ကြောင်းများအလိုက် ဝတ်စုံပြည့် ချီတက်အလေးပြု *စာမျက်နှာ ၈ ကော်လံ ၁* ◆



ဒုတိယသမ္မတ ဦးညွန့်ထွန်း (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



# အရှေ့တောင်အာရှနိုင်ငံများ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စံချိန်တင်မြင့်တက်

မြတ်စန္ဒီသင်းဇော်

**ရန်ကုန် ဇန်နဝါရီ ၁**

အာဆီယံစီးပွားရေး အသိုက်အဝန်းကို ထူထောင်ထားခြင်းဖြင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့ တိုးတက်မြင့်တင်ကာ ဒေသတွင်းတိုးတက်ဖွံ့ဖြိုးမှုရရှိစေကြောင်း ကမ္ဘာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လေ့လာသုံးသပ်သူ ပညာရှင်များက သုံးသပ်သည်။

၂၀၁၄ ခုနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် စံချိန်တင်မြင့်တက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်အထိလည်း ဆက်လက်တိုးမြှင့်သွားရန်လည်း မျှော်မှန်းထားကြောင်း သိရသည်။

"မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုတွေစတင်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်ကစပြီး နိုင်ငံတကာကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းများရဲ့ စိတ်ပါဝင်စားမှုကို သိသာထင်ရှားစွာ ရရှိခဲ့တာကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ အများအပြားစီးဝင်လာနေကြတာ တွေ့နေရတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အိမ်ခြံမြေကဏ္ဍအတွင်းမှာကို နိုင်ငံခြား *စာမျက်နှာ ၉ ကော်လံ ၁* ❐


ရှန်ဟိုင်းနှစ်သစ်ကူးကာလအတွင်း လူပိ၍ ၃၅ ဦးသေဆုံး စာ-၄

သမိုင်းတစ်ခေတ် ဆန်းသစ်အမှန် ဗိုလ်ရှုံ ဆောင်းပါး စာ-၆

ရာသီကုန်အထိ လမ်းပတ်ကို မန်စီးတီးခေါ်ယူ စာ-၁၃



ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူ ပြည်သားများအားလုံး ခရစ်သက္ကရာဇ် ၂၀၁၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဗီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဗိုလ်ရှုသဘင်အခမ်းအနားနှင့် မြန်မာ့ဇာတိမာန်

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ရှင်သန်မွေးဖွားလာခဲ့သော ဗိုလ်ရှုသဘင်အခမ်းအနားသည် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သကဲ့သို့ ဇာတိသွေးဇာတိမာန်ကို နိုးကြားတက်ကြွစေသော အခမ်းအနားဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူလူထုအကြား လွတ်လပ်ရေးကိုထိန်းသိမ်းလိုသော စိတ်ဓာတ်များ၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားစေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဗိုလ်ရှုသဘင်အခမ်းအနား ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်သော် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်ကျင်းပခဲ့ကြောင်း သိရှိရပေသည်။ ၁၉၄၈ ခုနှစ်မှစ၍ တော်လှန်ရေးကောင်စီမတိုင်မီ ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် သမ္မတကြီး စဝ်ရွှေသိုက် (၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ၁၉၅၂ ခုနှစ် မတ်လ ၁၂ ရက်အထိ)၊သမ္မတကြီး ဒေါက်တာဘဦး (၁၉၅၂ခုနှစ် မတ် ၁၂ ရက်မှ ၁၉၅၇ မတ် ၁၁ ရက်)နှင့် သမ္မတကြီးမန်းဝင်းမောင် (၁၉၅၇ ခုနှစ် မတ် ၁၁ ရက်မှ ၁၉၆၂ ခုနှစ် မတ် ၂ ရက်အထိ) တို့က သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြရာတွင် ၎င်းတို့၏ သက်တမ်းကာလအတွင်း လွတ်လပ်ရေးနေ့နှင့် ဗိုလ်ရှုသဘင်အခမ်းအနားများကို ကျင်းပခဲ့ကြရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဂုဏ်ယူအလေးအနက်ထားသောအားဖြင့် နိုင်ငံတော်သမ္မတကြီးအား မြန်မာနိုင်ငံရှိ အဖွဲ့အစည်းပေါင်းစုံက ချီတက်အလေးပြုခဲ့ကြပေသည်။

ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပရာသို့ နိုင်ငံတော်သမ္မတကြီး ကွချီလာစဉ် အမြောက် ၃၁ ချက် ပစ်ဖောက်၍လည်းကောင်း၊ စည်တော်ရွမ်း၍လည်းကောင်း၊ လမ်းတစ်လျှောက်ပြည်သူအပေါင်းက သမ္မတကြီး သက်တော်ရာကျော်ရှည်ပါစေဟုဆိုကာ အလံငယ်များဝှေ့ယမ်း၍လည်းကောင်း ဂုဏ်ပြုခဲ့ကြပေသည်။ ထိုအချိန်တွင် ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပရာဝန်းကျင်၌ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များက မြေပြင်တွင်အမြောက်၊ သံချပ်ကာယန္တရားယာဉ်များဖြင့် ချီတက်အလေးပြုကြသကဲ့သို့ ဝေဟင်မှလည်း စစ်လေယာဉ်များဖြင့်ဝဲပျံလျက် ဂုဏ်ပြုခဲ့ကြပေသည်။

ဤသို့အားဖြင့် ဗိုလ်ရှုသဘင်အခမ်းအနားသည် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပြီး မြင်ရသူအပေါင်းတို့ စိတ်နှလုံးတွင်ငါတို့နိုင်ငံ၊ ငါတို့လူမျိုးတန်ခိုးရှိသည်ဟူသော ဇာတိမာန်များရှင်သန်နိုးထတက်ကြွစေပါသည်။ လွတ်လပ်ရေးကို တန်ဖိုးထားတတ်သော စိတ်ဓာတ်များ ကိန်းအောင်းပေါ်ပေါက်စေပါသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးရပြီးသည့်နောက် လွတ်လပ်ရေးအောင်ပွဲအခမ်းအနားများကို အလံတင်အခမ်းအနားကျင်းပခြင်း၊ ဗိုလ်ရှုသဘင်ကျင်းပခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗိုလ်ရှုသဘင်ကို နေပြည်တော်၌ ပြန်လည်ကျင်းပမည်ဖြစ်ရာ ပြည်သူအပေါင်းတို့က လွတ်လပ်ရေးကို တန်ဖိုးထားမှုနှင့်အတူ ဇာတိသွေးဇာတိမာန် နိုးကြားထက်သန်ရေး မြှင့်တင်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး




## 'ထူးတဲ့ရှုခင်း လွတ်လပ်ခြင်း'

❖ အဘိုးနဲ့အဘွားတို့
ပျိုးထားလို့သန်ရှင်။
ဖူးပွင့်နွယ် အင်္ဂါအကင်းတွေနဲ့
ခူးချင့်ဖွယ် ထုံထုံသင်းပါဘိ
ဝင်းလဲ့စည်ပင်။
ဒို့ပိုင်တဲ့ မြေပေါ်တွင်
ဒို့မြင်ရ အလှဆန်း။
ဘိုးဘွားမွေ အထွတ်မြတ်
လွတ်လပ်တဲ့ပန်း။

❖ အဖေနဲ့ အမေတို့
ကြိုးစားလို့ အားမာန်ချီ
ဘိုးအမွေ အဖေ့အတွက်
ဘွားအမွေ အမေ့လက်
ဆက်ခံခဲ့သည်။
ရှုမညောင်းပေဘု
ဥဒေါင်းငှက်က ဟန်ချီ
ဒို့ရွှေပြည် ရှုမဆုံး။
ကမ္ဘာအသိပေပေါ့
မြန်မာ၏အလံ ဂုဏ်ရည်လျှမ်းပါလို့
ဇာတိမာန် အံ့မခန်းအောင်
ပန်းရနံ့ ဖုံး။

❖ အဖေ့သမီး အမေ့သား
မြေးမြစ်များ လက်ထက်တွင်. . .။
အလှတွေ နှစ်ဆတိုးစေဖို့
မြန်မာ့မြေ မြန်မာ့အကျိုးအတွက်
နိုးကြားစေချင်။
လွတ်လပ်ရေး ပန်းတစ်ပင်
လန်းရှင်စေဂုဏ်ထင်လင်း။
အနှစ်သာရ သာဓကဆင်
ဗိုလ်ရှုသဘင် ဆင်ယင်ကျင်း။
အလို. . . အို ပြည်တစ်ဝန်းမှာဖြင့်
ကြည်လန်းစွာ သိန်သရေနှင့်
ထိန်ဝေစွာ ပီတိဖူးတယ်
ထူးတဲ့ ရှုခင်း။

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဗိုလ်ရှုခံ အခမ်းအနားအား ဂုဏ်ပြုကြိုဆိုလျက်−**

မြင်းမူမောင်နိုင်မိုး

# လျှပ်စစ်အန္တရာယ်အသိပညာပေးဟောပြော

**ကျောက်တလုံးကြီး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် လျှပ်စစ်မှူးဦးအောင်မြင့်နှင့် လျှပ်စစ်ဝန်ထမ်းများသည် ကျောက်တလုံးကြီးမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲကို မြို့ပေါ်ခြောက်ရပ်ကွက်တွင် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပရာ ကျောက်တလုံးကြီးမြို့ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ မြို့တိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မီးလင်းရေး ကော်မတီဝင်များ၊ ဒေသခံပအိုဝ်းတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ညွန့်မောင်က အမှာစကားပြောကြားပြီး ကျောက်တလုံးကြီး မြို့နယ်လျှပ်စစ်မှူးဦးအောင်မြင့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိပြုရမည့်အချက်များကို အသိပညာပေးဟောပြောရာ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် မီးလင်းရေးကော်မတီအတွင်းရေးမှူး ဦးခွန်မောင်ညွှာက ပအိုဝ်းဘာသာဖြင့် ပြန်ဆိုရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**





ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံးတွင်ရှိသည့် အသက် ၁၀၀ နှင့်အထက် အဘိုးအဘွားများကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဂုဏ်ပြုချီးမြှင့်မည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အဓိကလုပ်ငန်းစဉ်ကြီး (၈) ရပ်၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ပေါ်ပေါက်လာမှု၊ တစ်နိုင်ငံလုံးရှိ အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား ဂုဏ်ပြုခံအဖြစ် ထောက်ပံ့ခြင်းအစီအစဉ်များနှင့်ပတ်သက်၍ သိရှိလိုသဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်-



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်

**မေး။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ အဓိကလုပ်ငန်းစဉ်ကြီး (၈)ရပ်ကို သိလိုပါတယ်။**

ဖြေ။ ။ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ အဓိကလုပ်ငန်းစဉ်ကြီး (၈) ရပ်ကတော့ (၁) ရှေးဦးအရွယ် ကလေးသူငယ်များစောင့်ရှောက်ရေးလုပ်ငန်း၊ (၂)ကလေး၊ လူငယ်၊ လူရွယ်များ စောင့်ရှောက်ရေးလုပ်ငန်း၊ (၃) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ (၄) သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်း၊ (၅) မသန်စွမ်းသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ (၆) မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ (၇) စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းနှင့် (၈) လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းတို့ ဖြစ်ပါတယ်။

**မေး။ ။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ (Social Protection ) ဘယ်လိုပေါ်ပေါက်လာပါသလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ပြောင်းလဲလာတဲ့ ခေတ်သစ် စနစ်သစ်နဲ့အညီ ၂၀၁၂ ခုနှစ် ဇွန်လမှာ ကျင်းပခဲ့တဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးညီလာခံမှာ နိုင်ငံတော်သမ္မတကြီးကအားလုံးပါဝင်တဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်တစ်ရပ်ပေါ်ထွက်လာဖို့ လမ်းညွှန်မှုပြုထားပါတယ်။ ဒ့ါအပြင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ကျင်းပတဲ့ ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကနေ နေပြည်တော် သဘောတူညီချက်အရ ထွက်ပေါ်လာတဲ့ လုပ်ငန်းအဖွဲ့များအနက် လူမှုကာကွယ်စောင့်ရှောက်ရေးနဲ့ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအဖွဲ့လည်း ပါဝင်ပါတယ်။ ဒါကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလကစပြီး ဆက်စပ်လျက်ရှိတဲ့ ဝန်ကြီးဌာနများ၊ INGO၊ NGO များ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးကလည်း လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီမှာ ကျွန်မကို ဥက္ကဋ္ဌအနေနဲ့ တာဝန်ပေးအပ်ခဲ့ပါတယ်။ နည်းပညာ အထောက်အကူအဖွဲ့ရဲ့ ပံ့ပိုးကူညီမှုများနဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှာ မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို မိတ်ဆက်ဖြန့်ချိခဲ့ပြီး ဖြစ်ပါတယ်။ ဒီစီမံချက်မှာ လုပ်ငန်းစဉ် (၈)ရပ် ပါဝင်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကတော့ (၁) ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ခြင်း၊ (၂) မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း၊ (၃ ) အသက် ၃ နှစ်မှ ၁၅နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၄) သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်း၊ (၅) ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ (၆) အများပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်း၊ (၇)သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ကူညီခြင်းနှင့် (၈) ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းတို့ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို တစ်ပြိုင်တည်းဆောင်ရွက်မည်မဟုတ်ဘဲ ဦးစားပေးအစီအစဉ်အတိုင်း ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ပေးသွားနိုင်ရန် စီစဉ်ရေးဆွဲထားပါတယ်။

**မေး။ ။ တစ်နိုင်ငံလုံးမှာရှိတဲ့ အသက် ၁၀၀ နဲ့အထက် ဘိုးဘွားများအား ဂုဏ်ပြုခံအဖြစ် ထောက်ပံ့ခြင်းအစီအစဉ်ကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ ကျွန်မတို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ အဓိကလုပ်ငန်းစဉ် (၈) ရပ်ထဲမှာလည်း သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ပါဝင်ပါတယ်။ ဒ့ါအပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်မှာလည်း သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင် ပေးအပ်ခြင်းတို့ ပါဝင်ပါတယ်။ ဒီအချက်တွေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်အရ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ကျရောက်တဲ့ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲ အထိမ်းအမှတ်အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အသက် ၁၀၀ နဲ့အထက် အဘိုး ၁၆၉ ဦး ၊ အဘွား ၄၀၀ တို့ကို နိုင်ငံတော်ရဲ့ သက်ကြီးဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ်များအနေနဲ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ ဂုဏ်ပြုလွှာနဲ့ ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။ နောင်နှစ်များမှာလည်း အဘိုး၊ အဘွားများ အသက် ၁၀၀ ပြည့်မြောက်ရင် အထောက်အထားတွေနဲ့အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကတစ်ဆင့် ကျွန်မတို့ ဝန်ကြီးဌာနကို သတင်းပေးပို့အကြောင်းကြားပါက နိုင်ငံတော်သမ္မတကြီး အနေနဲ့ ဆက်လက်ပံ့ပိုး ထောက်ပံ့ပေးသွားမယ်လို့ ပြောကြားထားပါတယ်။

**သတင်းအဖွဲ့**




# ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁**

ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းအမှတ်စဉ် (၁၁/ ၂၀၁၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာ ၂၉ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ အင်းစာပေယဉ်ကျေးမှုခန်းမ၌ဖွင့်လှစ်ခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၁၂၀ တက်ရောက် သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားခဲ့သည့်အပြင် ညောင်ရွှေ မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေကလည်း ဒေသတွင်းရှိ လူငယ်မောင်မယ်များအား အလုပ်အကိုင်ရရှိရေးအတွက် ယခုကဲ့သို့ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို လာရောက်ပို့ချပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းလည်း ပြန်လည် ပြောကြားခဲ့သည်။



၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ညောင်ရွှေဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ပို့ဆောင်ရေးအသင်း၊ ဧည့်လမ်းညွှန်အသင်း၊ ခရီးသွားလုပ်ငန်းရှင်များ အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒီဇင်ဘာ ၂၉ ရက် ည ၉နာရီက Inle Princess Resort Hotel မီးလောင်မှုနှင့်ပတ်သက်ပြီး နောင်အလားတူ ဖြစ်စဉ်များ မဖြစ်ပေါ်စေရေးနှင့် အခြားသောခရီးသွားလုပ်ငန်းများ ထိခိုက်သောအုပ်ချုပ်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**** ကျောဖုံးမှ***

စွမ်းဆောင်ပေးခဲ့သည့် နည်းပြ ဦးခင်မောင်တင့်ကသာ ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။ အသင်းမှ နိုင်ငံခြားသားနောက်ခံလူ ဟက်ပီးနက်စ်နှင့် ကွင်းလယ်လူ မက်ဆီမင်တို့ကို သက်တမ်းတိုးထားပြီး လိုက်ဘေးရီးယား လက်ရွေးစင်တိုက်စစ်မှူး ဖိုဒေးနှင့် ဩစတြေးလျကွင်းလယ်လူ ဂျိမ်းမေယာတို့ကို အသစ်ခေါ်ယူထားသည်။ လက်ရှိလက်ရွေးစင် ကစားသမားများဖြစ်သည့် နန္ဒလင်းကျော်ချစ်၊ တင်ဝင်းအောင်၊ နေမျိုးအောင်တို့ အပါအဝင် ဝါရင့် နောက်ခံလူ ဇော်လင်းထွန်းနှင့် ပြည်တွင်းကစားသမားအချို့ကို ခေါ်ယူထားသည်။ ရာဝတီအသင်းမှာမူ ၂၀၁၄ ရာသီ ရှုံး/ထွက် ချန်ပီယံအသင်းကို အသင်းသစ်နီးပါးပြောင်းလဲထားပြီး နည်းပြချုပ်အဖြစ် မာဂျန်က ပြောင်းလဲတာဝန်ယူထားသည်။ နိုင်ငံခြားကစားသမားလေးဦးစလုံးကိုလည်း အသစ်ခေါ်ယူထားပြီး ပြည်တွင်းကစားသမားများအဖြစ် ဗန်လားဟရွယ်၊ အောင်ကျော်နိုင်၊ ပြည့်ဖြိုးဦး၊ ချစ်စမ်းမောင်၊ သက်လွင်ဝင်း၊ ထူးကျော်နှင့် ဇင်မျိုးအောင်တို့ကို ခေါ်ယူထားသည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားပြီး ရရှိသော ကွင်းဝင်ကြေးအားလုံးကို လှူဒါန်းသွားမည်ဖြစ်သည်။

# စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ အပိုင်း(၃)၊ (၅)၊ (၆) တိုင်ကြားစာပါ စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံသို့ လွှဲပြောင်းပေးအပ်

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၃)၊ (၅)၊ (၆) တိုင်ကြားစာပါ စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးသန်းထွန်းက အမှာစကားပြောကြားရာတွင် ယခင်ကအကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့ပြီး မူလရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော် မဆောင်ရွက်နိုင်သောနေရာများကို ပြန်လည်စွန့်လွှတ်ရာတွင် ယခင်က အသုံးချခွင့်ရှိခဲ့ကြောင်း စာရွက်စာတမ်းသက်သေခံ အထောက်အထား ခိုင်လုံစွာပြနိုင်သူများနှင့် သက်သေခံအထောက်အထားမပြနိုင်သော်လည်း အများကကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် အသုံးချပိုင်ဆိုင်ခွင့်ရှိကြောင်း ပြသနိုင်ပါက ယာယီလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းဟု သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်၍ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တံတားဦးမြို့နယ်အနေဖြင့် ပထမအကြိမ်တွင် ကျေးရွာအုပ်စု(၅)အုပ်စုရှိ မြေဧက ၅၉၁၉ ဒသမ ၆၃ ဧက၊ ဒုတိယအကြိမ်တွင် တောင်သူပေါင်း ၄၃ ဦး ဧကပေါင်း ၉၁၉ ဒသမ ၄ ဧက၊ တတိယအကြိမ်တွင် ၂၃၇ ဒသမ ၆၈ ဧကတို့ကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ အတွင်းရေးမှူး ဦးသန်းထွန်း၊ ကျောက်ဆည်ခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတို့က မူလပိုင်ရှင်တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ကြသည်။ အဆိုပါတံတားဦးမြို့နယ်အတွင်း စုံစမ်းရေးကော်မရှင်အစီရင်ခံစာ အပိုင်း(၃)၊ (၅)၊ (၆)၊ တိုင်ကြားစာပါ ပြန်လည်စွန့်လွှတ်သည့် မြေယာများတွင် အစီရင်ခံစာ အပိုင်း(၃)မှ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်စွန့်လွှတ်မြေ ၉၀၅၅ ဧကအနက်မှ ပေးရန်ကျန်ရှိနေသော စိုက်ပျိုးမြေ ၁၄၀ ဒသမ ၂၉ ဧကနှင့် စိုက်ပျိုးခြင်းမပြုနိုင်သော မြေ ၁၈၃၈ ဧက စုစုပေါင်း ၁၉၇၈ ဒသမ ၂၉ ဧကကိုလည်းကောင်း၊ အစီရင်ခံစာ အပိုင်း (၅)တွင် စည်ပင်သာယာရေးဌာနမှ စွန့်လွှတ်မြေ ၉ ဒသမ ၄ ဧကနှင့် အစီရင်ခံစာ အပိုင်း(၆)တွင် ပြူကန်ကျေးရွာ ပြည်သူ့ကောင်စီမှ စွန့်လွှတ်မြေ ၂ ဒသမ ၁၁ ဧကကိုလည်းကောင်း အသီးသီးမူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**



နိုင်ငံတကာသတင်း

# နိုင်ငံတကာရာဇဝတ်တရားရုံးအဖွဲ့သို့ ဝင်ရောက်ရန် ပါလက်စတိုင်း လက်မှတ်ရေးထိုး

**ရာမာလာ ဇန်နဝါရီ ၁**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (အိုင်စီစီ)သို့ ဝင်ရောက်ရန် ရာမာလာမြို့အစည်းအဝေး၌ လက်မှတ်ရေးထိုးလိုက်သည်။ အဖွဲ့ဝင်များက အစ္စရေးကို စစ်ရာဇဝတ်မှုများဖြင့် တရားစွဲဆိုရန် မျှော်လင့်ထားသည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းအပေါ် အစ္စရေးဝန်ကြီးချုပ်က ချက်ချင်းဆိုသလို ရှုတ်ချခဲ့သည်။



ပါလက်စတိုင်း နယ်မြေများ အစ္စရေးတို့ သိမ်းပိုက်မှုကို ၂၀၁၇ ခုနှစ်တွင် အဆုံးသတ်ရေး မဲခွဲဆုံးဖြတ်တောင်းဆိုခဲ့ခြင်းအပေါ် လုံခြုံရေးကောင်စီက ပယ်ချလိုက်ပြီးနောက် အဆိုပါဖြစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ရှစ်နိုင်ငံက အဆိုပါ ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သော်လည်း အမေရိကန်နှင့် သြစတြေးလျတို့က ကန့်ကွက်မဲပေးခဲ့သည်။ မစ္စတာအဘတ်စ်က နိုင်ငံတကာ သဘောတူ ညီချက် ၂၀ ခန့်ပါရှိသော နိုင်ငံတကာတရားရုံး တည်ထောင်မှု စာချုပ်ပေါ်ကို အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

## မားစ်ဂြိုဟ်ပေါ်တွင် ဆလတ်ထုပ်စိုက်ပျိုးနိုင်ရန် အင်္ဂလန်သိပ္ပံပညာရှင်များ စီစဉ်

**လန်ဒန် ဇန်နဝါရီ ၁**

ဗြိတိသျှ သိပ္ပံပညာရှင်တစ်ဦးခေါင်းဆောင်သော လေ့လာရေးအဖွဲ့တစ်ဖွဲ့သည် အာကာသယဉ်မှူးများ အာကာသတွင် ၎င်းတို့၏ ကိုယ်ပိုင်အစားအစာကို စိုက်ပျိုးရာတွင် ကူညီရန်အတွက် မားစ်ဂြိုဟ်ပေါ်တွင် ဆလတ်ထုပ်စိုက်ပျိုးနိုင်မည့်အစီအစဉ်ကို စီစဉ်လျက်ရှိသည်။

ဘော့သ်ဆမ်တပ်တက္ကသိုလ်က ပြုလုပ်လျက်ရှိသော အဆိုပါစီမံကိန်းသည် မားစ်ဂြိုဟ်ပေါ်တွင် အစိမ်းရောင်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရန်နှင့် အနာဂတ်တွင် အဆိုပါဂြိုဟ်သို့ နယ်ပယ်ချဲ့ထွင်မည့်သူများကို ကျွေးမွေးရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

ထို့ကြောင့် အနာဂတ်အာကာသယာဉ်မှူးများသည် လယ်သမားများနှင့် အလားသဏ္ဌာန်တူမည်ဖြစ်ကြောင်း၊ မားစ်ဂြိုဟ်ဟုခေါ်သော အနီရောင်ဂြိုဟ်တွင် အသက်ရှင်နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြားဂြိုဟ်တစ်ခုပေါ်တွင် နေထိုင်နိုင်ရန် မိမိတို့သည် ယင်းဂြိုဟ်ပေါ်တွင် အစားအစာများကို ကိုယ်တိုင်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မည်သူမှ ဤကဲ့သို့ စမ်းသပ်မှုမျိုးမလုပ်သေးကြောင်း၊ ပထမဆုံးစတင်စမ်းသပ်ပြုလုပ်သူများဖြစ်မည်ဟု မျှော်လင့်ကြောင်းစသည်ဖြင့် စီမံကိန်းခေါင်းဆောင် စူဇန်နာလူကာဂိုတီက ပြောခဲ့သည်။

အကယ်၍ ဤအစီအစဉ်ကိုသာ အကောင်အထည်ဖော်နိုင်ပါက လူသားများသည် အဆိုပါဂြိုဟ်တွင် လာမည့် ၂၀၂၅ ခုနှစ်တွင် နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ပရက်စ်တီဗွီ)**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အရေးကိစ္စများအတွက် ဝက်ဘ်ဆိုက် ၃၂ ခုကို အိန္ဒိယက တားမြစ်ပိတ်ပင်ခဲ့

**နယူးဒေလီ ဇန်နဝါရီ ၁**

အိန္ဒိယအစိုးရက အမျိုးသားလုံခြုံရေးဆိုင်ရာ အရေးကိစ္စများနှင့်ပတ်သက်ပြီး ဝက်ဘ်ဆိုက် ၃၂ ခုထက်မနည်း တားမြစ်ပိတ်ပင်ခဲ့ကြောင်း ကြာသပတေးနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

ဝက်ဘ်ဆိုက်များမှတစ်ဆင့် အစ္စလာမ္မစ်နိုင်ငံထူထောင်နေသည့် စစ်သွေးကြွများ၏ ဝါဒများပျံ့နှံ့ခြင်းနှင့် အိန္ဒိယအစိုးရကို ဆန့်ကျင်သောအမြင်များဖြန့်ဝေခြင်းတို့ကို ပြုလုပ်သည်ဟု အစိုးရကယူဆသဖြင့် ဝက်ဘ်ဆိုက်များကို ပိတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းတို့ကို ၂၀၀၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သောသတင်းအချက်အလက်နှင့် နည်းပညာအက်ဥပဒေအပိုဒ်ခွဲ ၆၉ နှင့် ၂၀၀၉ ခုနှစ်က သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ နည်းဥပဒေများအရ ဆက်သွယ်ရေးဌာနက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကျိုးစီးပွားအကျိုးငှာ ဝက်ဘ်ဆိုက်များကို အိန္ဒိယအစိုးရက ပိတ်ပင်ပိုင်ခွင့်ရှိသည်။

**(ဆင်ဟွာ)**

# နှစ်သစ်ကူးပွဲတော်မှ ပြန်လာသော ကျောင်းသားများ ယာဉ်မတော်တဆမှုဖြစ်ပွား၍ ခြောက်ဦးသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၁**

ကြာသတေးနေ့ နံနက်စောစောက အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ မိုင်နူန်းမြင့် မောင်းနှင်လာသော အင်ဂျင်နီယာကျောင်းသားများ၏ကားသည် အခြားယာဉ်တစ်စီးကို ဝင်ရောက်တိုက်ခဲ့သောဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

TKM Kollam အင်ဂျင်နီယာကောလိပ်မှ ကျောင်းသားများသည် ကမ်းခြေတစ်ခု၌ကျင်းပသော နှစ်သစ်ကူးပွဲတော်မှ ပြန်လာခဲ့ကြခြင်းဖြစ်ပြီး အရက်မူးနေကြပုံရကြောင်း ဆိုသည်။

အဆိုပါကားသည် ကုန်တင်ကားတစ်စီးကို အရှိန်ပြင်းစွာဖြင့် ဝင်တိုက်ခဲ့ခြင်းဖြစ်ပြီး ကားပေါ်ပါအင်ဂျင်နီယာ ကျောင်းသား ခြောက်ဦးစလုံး နေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။

**(ဆင်ဟွာ)**

# ရှန်ဟိုင်းနှစ်သစ်ကူးကာလအတွင်း လူပိ၍ ၃၅ ဦးသေဆုံး

**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နှစ်သစ်ကူးကာလအတွင်း လူပိ၍ ၃၅ ဦး သေဆုံးပြီး ၄၂ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မတော်တဆမှုများသည် ၂၀၁၅ ခုနှစ် နှစ်သစ်ကူးကို စောင့်ကြည့်ရန် ထောင်ပေါင်းများစွာသော ပြည်သူများ လာရောက်စုရုံးခဲ့ကြသည့် ဟွမ်ပူးမြစ်ပေါ်ရှိ ရှန်ဟိုင်းမြို့ ချန်ရီရင်ပြင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ မီဒီယာများက လူအချင်းချင်းတက်နင်းခြင်း မရှိအောင် သတိပေးမှုများ ပြုလုပ်ခဲ့သည်။ ရှန်ဟိုင်းအစိုးရက အဆိုပါအခြေအနေကို စတင်ကိုင်တွယ်သွားရန် ကြေညာချက်ထုတ်ပြန်လိုက်သည်။

အဆောက်အအုံတစ်ခု၏ တတိယထပ်မှ ဒေါ်လာနှင့်တူသော ကူပွန်များ လွင့်ကျလာစဉ် အဆိုပါ လူအချင်းချင်းတက်နင်းမှုပြဿနာကြီး စတင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

သို့ရာတွင် ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းကို စုံစမ်းလျက်ရှိသည်။

**(ဘီဘီစီ)**



# အမေရိကန်က ဥရောပတစ်ခွင် တင့်ကားနှင့်သံချပ်ကာကားများ ဖြန့်ကြက်မည်ဟု ရုရှားကိုခြိမ်းခြောက်နေ

**နယူးယောက် ဇန်နဝါရီ ၁**

အမေရိကန်ပြည်ထောင်စုက ဥရောပတစ်ခွင် တင့်ကားနှင့် သံချပ်ကာကားစီးရေ ၁၅၀ ကျော် ဖြန့်ကြက်ထားမည်ဟု ရုရှားသမ္မတပလာဒီမာ ပူတင်အား ထပ်မံ၍ခြိမ်းခြောက်လိုက်သည်။



ပင်တဂွန် စစ်ဌာနချုပ်သည် ၂၀၁၅ ခုနှစ်အကုန်တွင် တင့်ကားများနှင့်စစ်ကားများကို ဖြန့်ကြက်ရန် စီစဉ်ထားကြောင်း ဥရောပရှိ အမေရိကန်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ဘန်ဟော့ဂျ်က ပြောခဲ့သည်။

၎င်းတင့်ကားများနှင့် စစ်သုံးယာဉ်များကို ပိုလန်၊ ရိုမေးနီးယားနှင့်ဘောလ်တစ်နိုင်ငံများတွင် ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း အမေရိကန်တပ်မှူးက ရိုက်တာသတင်းဌာနသို့ ပြောခဲ့သည်။

၂၀၁၅ ခုနှစ်အကုန်တွင် အင်အားတောင့်တင်းသော တပ်မဟာတစ်ခုထူထောင်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းတပ်မဟာတွင် တပ်ရင်းသုံးရင်းအပြင် ကင်းထောက်တပ်ဖွဲ့၊ အမြောက်တပ်နှင့် အင်ဂျင်နီယာတပ်များပါဝင်ပြီး ၎င်းတို့ကို ဥရောပတွင် ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း တပ်မမှူးဟော့ဂျ်က ပြောခဲ့သည်။

လွန်ခဲ့သောလက ပင်တဂွန်စစ်ဌာနချုပ်သည် မော်စကိုကို လက်နက်ထိန်းချုပ်ရေးစာချုပ် နှစ်ခုကို ဖောက်ဖျက်ခဲ့သည်ဟု စွပ်စွဲကာ ဥရောပ၌ နျူကလီးယားဒုံးကျည်များ ပြန်၍ဖြန့်ကြက်ထားမည်ဟုဆိုကာ ရုရှားကိုခြိမ်းခြောက်ခဲ့သည်။

သို့သော်လည်း ရုရှားက အဆိုပါ စွပ်စွဲချက်ကိုငြင်းပယ်ထားပြီး မြေပြင်ပစ်ဒုံး လက်နက်ကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အိုင်အင်န်အက်ဖ်စာချုပ်အရ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

အမေရိကန်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီးက အမေရိကန်ပြည်ထောင်စုအနေဖြင့် ဥရောပတွင် တပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀ ရှိကြောင်း၊ ထို့ပြင် တူညီသောတပ်ဖွဲ့ဝင်အင်အားဖြင့် အားပြည့်ထားသော လေတပ်၊ ရေတပ်နှင့်မရိန်းတပ်ဖွဲ့ဝင်များရှိကြောင်း ပြောခဲ့သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက ရုရှားကိုယူကရိန်းတွင် စစ်ဆေးရေးဆိုင်ရာလှုပ်ရှားမှုများတွင် ထောက်ပံ့ပေးသည်ဆိုကာ စွပ်စွဲခဲ့သည်။

**(ပရက်စ်တီဗွီ)**

# ညောင်ရွှေမြို့နယ်၌ အင်းတိုင်းရင်းသားများ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော်



**ညောင်ရွှေ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသား ၃၇၂၆ ဦးသည် တောင်းဆိုချက်ငါးချက်ပါဝင်သော လက်ကိုင်ပိုစတာများကိုင်ဆောင်၍ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ စုဝေးပြီး ဖောင်တော်ဆိုက်လမ်း၊ ကမ်းနားလမ်းနှင့် ဖောင်တော်ပြန်လမ်း တစ်လျှောက် လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်အောင်မြင်သည်အထိ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလူမှုစီးပွားဘဝတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏အရေးဖြစ်သော ခြောက်ပွင့်ဆိုင်တွေ့ဆုံမှုနှင့် မဖြစ်နိုင်သည်ကို နိုင်ငံတော်အစိုးရက အလေးအနက်ထည့်သွင်းစဉ်းစားရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် တိုင်းရင်းသားများအားလုံး ပါဝင်ခွင့်ရရှိရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်၊ ခြောက်ပွင့်ဆိုင် အလိုမရှိ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိရေး စသည့် အချက်ငါးချက်ပါဝင်သော တောင်းဆိုချက်များဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဆက်သွယ်ရေးကုမ္ပဏီများအား ဒေသခံတောင်သူတချို့ ကန့်ကွက်လျက်ရှိ

**ရေး ဇန်နဝါရီ ၁**

ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရဆက်သွယ်ရေးကုမ္ပဏီများကို ရေးမြို့နယ် ဥယျာဉ်ခြံတောင်သူများတချို့က ကန့်ကွက်ကြောင်း ဆန္ဒပြုလက်မှတ်များအား မွန်ပြည်နယ်အစိုးရအဖွဲ့ထံ ဇန်နဝါရီ ၁ ရက်က တင်ပြထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆက်သွယ်ရေးကုမ္ပဏီများသည် ဒီဇင်ဘာ တတိယပတ်လောက်မှစတင်၍ ရေးမြို့နယ်ရှိ ဆက်သွယ်ရေးတာဝါတိုင်များ ကွန်ရက်ချိတ်ဆက်နိုင်ရန်အတွက် ဆက်သွယ်ရေးလုပ်ငန်းဖြစ်သော ဖိုင်ဘာကြိုးများကို သွယ်တန်းလျက်ရှိရာ အမှတ်(၁၉) ချောင်းတောင်ကျေးရွာအုပ်စု ကြေးတိုင်ပြင်ကွင်းမှ ခြံပိုင်ရှင်များ၏ နှစ်ရှည်ပင်ရော်ဘာ၊ ကွမ်းသီးပင်များ စိုက်ပျိုးမြေနေရာများတစ်လျှောက်တွင် လေးပေအနက်ခန့်ရှိသော ဆက်သွယ်ရေးဖိုင်ဘာကြိုးများမြေမြှုပ်ကာ ခြံမြေများကို ကျူးကျော်ဝင်ရောက် လုပ်ကိုင်လျက်



ရှိကြသည်။

ထို့ကြောင့် ဒေသခံခြံရှင် ၂၀ ခန့်က အဆိုပါဆက်သွယ်ရေးလုပ်ကိုင်ခွင့်ရ ပြည်ပကုမ္ပဏီများ၏ တာဝန်ရှိသူများထံသို့ လျော်ကြေးငွေများ ညှိနှိုင်းတင်ပြ တောင်းခံလျက်ရှိရာ ကုမ္ပဏီက နစ်နာကြေးများပေးရန် နှေးကွေးနေ၍ ဒေသခံခြံရှင် ၂၀ ခန့်တို့က သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ တင်ပြအကူအညီ တောင်းခံထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# ကံထူးရှင်ရွေးချယ်

နေပြည်တော် ဇန်နဝါရီ ၁

**(၁၁၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ-**

**ကျပ်သိန်း (၁၅၀၀)ဆု**
ဗ-၄၈၂၁၇၇

**ကျပ်သိန်း(၁၀၀၀)ဆု**
ဈ-၃၈၂၄၆၀

**ကျပ်သိန်း(၅၀၀)ဆုများ**
မ-၅၀၁၃၀၁ ခ-၉၁၂၃၄၀

**ကျပ်သိန်း(၃၀၀)ဆုများ**
ဘ-၇၈၉၈၃၉ ဝ-၄၇၄၄၈၇
က-၄၀၀၇၇၂ ဇ-၄၂၀၃၆၈

**ကျပ်သိန်း(၂၀၀)ဆုများ**
ပ-၆၄၉၈၆၃ ခ-၆၁၇၇၈၈
ဃ-၇၇၇၅၃၅ ဟ-၁၃၅၈၂၆
ပ-၉၈၉၂၇၁

**ကျပ်သိန်း(၁၀၀)ဆုမဲများ**
စ-၅၇၀၆၇၈ စ-၂၀၆၄၃၄
န-၃၇၁၀၂၃
ကဂ-၃၈၁၀၀၃ ဃ-၃၃၄၃၄၄
ဈ-၆၀၄၅၄၉
ခ-၂၇၂၀၀၁ ဆ-၆၂၆၀၄၃
ဂ-၁၅၀၉၈၆ ဋ-၉၁၂၉၇၃

## Entertainment Channel (MRTV)

**၂-၁-၂၀၁၅ (သောကြာနေ့)**

(၆း၀၀) - အဖွင့်
လွင်မိုးခရီးသွားနေသည်(ချင်းပြည်နယ်) (အပိုင်း-၁)
(၆း၁၀) - အလင်္ကာကျော်စွာ မြို့မငြိမ်းနှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးများ(အပိုင်း-၁)
(၆း၅၅) - နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီထဲကတေးကဗျာ** (အပိုင်း-၂)
(၇း၂၀) - တေးဂီတအစီအစဉ် (စတူဒီယို)
(၇း၁၅) - နိုင်ငံခြားဇာတ်လမ်းတွဲ **ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်** (အပိုင်း -၃)
(၈း၂၀) - နိုင်ငံခြားဇာတ်လမ်းတွဲ **ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်** (အပိုင်း-၄)
(၉း၁၀) - တေးဂီတအစီအစဉ် (စတူဒီယို)
(၉း၂၅) - ပြည်သူ့နီတိ **ကျေးဇူးပဲလောကကြီးရေ**
(၉း၄၅) - ASEAN China Cultural (Brunei)
(၁၀း၀၀) - မြန်မာဗီဒီယိုဇာတ်လမ်း **သားရှင်**
မိုးအောင်ရင် ၊ရဲအောင်၊ စိုးမြတ်သူဇာ၊ သဥ္ဇာဝင့်ကျော် (ဒါရိုက်တာ- ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
(၁၂း၀၀) - အစီအစဉ်ပြီး၏။
တစ်နေ့ (၆) နာရီစာ လေးကြိမ် ပြသပါမည်။

# အင်းလေးကန်စပ်ရှိ တည်းခိုဆောင် မီးလောင်ကျွမ်းမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာအုပ်စု မန်ကျီးစင်ကျေးရွာအနီး အင်းလေးကန်စပ်ရှိ Inle Princess Resort Hotel ၌ ဒီဇင်ဘာ ၂၉ ရက် ည ၉ နာရီ မိနစ် ၅၀ က လျှပ်စစ်ခြင်ပြေးစက်မှ စတင်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာနေရာသို့ ညောင်ရွှေမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီး၊ ရွှေညောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ ဟိုတယ်ပိုင်မီးသတ်စက်သုံးလုံး၊ မီးသတ်စက်လှေ သုံးစင်းနှင့် စုစုပေါင်းအင်အား ၄၀၀ ခန့်ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ပေ ၂၀ ပတ်လည်ရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သက်ကယ်မိုးအဆောင် မီးလောင်ဆုံးရှုံးခဲ့မှုကြောင့် တန်ဖိုးငွေကျပ် စုစုပေါင်း သိန်း ၄၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ပေး**

အဆိုပါ မီးလောင်ကျွမ်းသည့်နေရာသို့ ညောင်ရွှေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့၊ ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိလာကြပြီး တည်းခိုနေထိုင်ကြသည့် ပြည်တွင်းပြည်ပမှ ဧည့်သည်များအား ညောင်ရွှေမြို့ပေါ်ရှိ ဟိုတယ်များသို့ ယာယီပြောင်းရွှေ့တည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သမိုင်းတစ်ခေတ် ဆန်းသစ်အမှန် ဗိုလ်ရှုခံ

သတင်းဆောင်းပါး-ဝေယံဦး
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ဗိုလ်ရှုခံ၊ ဗိုလ်ရှုသဘင်၊ လွတ်သဘင်။

ယနေ့ခေတ် လူငယ်များနှင့် စိမ်းသယောင်ရှိသည့် အသုံးအနှုန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ လွတ်လပ်ရေးနေ့တိုင်း နိုင်ငံတော်အကြီးအကဲအား ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့နှင့် လူမှုအဖွဲ့အစည်းများ အပါအဝင် ပြည်သူများက လာရောက် ချီတက်အလေးပြုသည့်ပွဲ ဖြစ်သည်။

"ဗိုလ်ရှုခံဆိုတာ နန်းတွင်းသုံးဖြစ်တယ်။ တို့မြန်မာတွေက ဘုရင်စနစ်ကို နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့တော့ အဲဒီအစွဲရှိတယ်။ မြန်မာဘုရင်တွေက နေ့ကောင်းရက်မြတ်တွေမှာ နှစ်စဉ်သူ့ရဲ့ စစ်သည်ဗိုလ်ပါတွေရဲ့ ဂါရဝပြုခြင်းကို ခံယူတာ။ ဘုရင်တွေကလည်း စစ်သည်ဗိုလ်ပါတွေကို ကြည့်ရှုတယ်။ အဲဒီ အစဉ်အလာရှိတယ်။ ဒီလိုပဲ ဗြိတိန်တို့၊ ရုရှားတို့မှာလည်း ဗိုလ်ရှုခံလိုမျိုးတွေ ရှိကြတယ်။ ဗြိတိသျှ အုပ်ချုပ်မှုအောက်က လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကလည်း ဗြိတိသျှ ပါလီမန်ဒီမိုကရေစီကို အခြေခံရေးဆွဲထားတာဖြစ်တယ်။ သူတို့နိုင်ငံမှာ ဘုရင်က နိုင်ငံတော်အကြီးအကဲ



> "ဗိုလ်ရှုခံတယ်ဆိုတာကတော့ ပြည်သူတွေက တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို လေးစားဂါရဝဂုဏ်ပြုတာ၊ စည်းလုံးညီညွတ်မှုကို ပြသတာ၊ ဇာတိမာန်ကို ဖော်ထုတ်ပြသတာ၊ နိုင်ငံရေးမပါဘူး။ အမျိုးသားရေးဆိုတာကို ပြည်သူတွေ၊ တပ်မတော်သားတွေ၊ လူမှုအဖွဲ့အစည်းတွေက စုပေါင်းပြီး စုစည်းညီညွတ်မှုကိုပြသတာဖြစ်"



ဆရာ တက္ကသိုလ်မြတ်သူ

ဆိုတော့ ဘုရင်စနစ်မရှိတော့တဲ့ မြန်မာနိုင်ငံမှာ နိုင်ငံအကြီးအကဲက သမ္မတဖြစ်တယ်။ လွတ်လပ်ရေးနေ့တိုင်း ဗိုလ်ရှုခံကို ကျင်းပလေ့ရှိခဲ့တယ်" ဟု အသက် ၈၄ နှစ်အရွယ်ရှိ သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူက ပြောသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတမှာ စဝ်ရွှေသိုက်ဖြစ်ပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ် အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ထိုစဉ်က ဗိုလ်ရှုခံမဏ္ဍပ်ကို ဆောက်လုပ်ခဲ့ပြီး နောက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့် ယခု လွှတ်တော်ဝင်းအတွင်း မျက်နှာစာ ပေ ၆၀ ခန့်ရှိသော မျက်နှာဘက်ပိုင်းအဖွင့် အနေအထားဖြင့် ဗိုလ်ရှုခံ အဆောက်အအုံကို ဆောက်လုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်သည် ၁၉၅၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင် ဗိုလ်ရှုခံခဲ့သည်။ ပထမဆုံး ဗိုလ်ရှုခံမဏ္ဍပ်ကို ရန်ကုန်မြို့တော်ခန်းမရှေ့၌ ဆောက်လုပ်ခဲ့ရာ ယာယီမဏ္ဍပ်အသွင်ဖြစ်ခဲ့ပြီး ကုန်ကျစရိတ်လည်း များခဲ့သည်ဟုဆိုသည်။ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်လည်းရှိရာ ဗိုလ်ရှုခံမဏ္ဍပ်နှင့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အကြီးအကဲက ဗိုလ်ရှုခံခဲ့ခြင်းဖြစ်သည်။

သို့သော် နောက်ပိုင်း၌ ရန်ကုန်မြို့ ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ ယခုလွှတ်တော်ဝင်းအတွင်းသို့ ပြောင်းရွှေ့ခဲ့သည်။

နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း နံနက်အစောပိုင်းတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားပြုလုပ်ပြီးနောက် နိုင်ငံတော်သမ္မတက ဗိုလ်ရှုခံ အဆောက်အအုံသို့ ရောက်ရှိကာ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ဗိုလ်ရှုခံခဲ့ခြင်းဖြစ်သည်။

"ဗိုလ်ရှုခံတယ် ဆိုတာကတော့ ပြည်သူတွေက တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို လေးစားဂါရဝဂုဏ်ပြုတာ၊ စည်းလုံးညီညွတ်မှုကို ပြသတာ၊ ဇာတိမာန်ကို ဖော်ထုတ်ပြသတာ၊ နိုင်ငံရေးမပါဘူး။ အမျိုးသားရေးဆိုတာကို ပြည်သူတွေ၊ တပ်မတော်သားတွေ၊ လူမှုအဖွဲ့အစည်းတွေက စုပေါင်းပြီး စုစည်းညီညွတ်မှုကိုပြသတာဖြစ်တယ်" ဟု ဆရာတက္ကသိုလ်မြတ်သူက ပြောသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ မှ ၁၉၅၂ ခုနှစ်အထိ သမ္မတ စဝ်ရွှေသိုက်၊ ၁၉၅၂ မှ ၁၉၅၆ ခုနှစ်အထိ သမ္မတ ဒေါက်တာဘဦး၊ ၁၉၅၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ သမ္မတ မန်းဝင်းမောင်တို့လက်ထက်တွင် ဗိုလ်ရှုခံအခမ်းအနားများ ပြုလုပ်ခဲ့ကြသည်။ သမ္မတမန်းဝင်းမောင် ပြီးနောက် သမ္မတအဖြစ် ဆမားဒူးဝါးဆင်မားနောင်ကို ရွေးချယ်သတ်မှတ်ထားခဲ့သော်လည်း ထိုစဉ်က တိုင်းပြည်အခြေအနေအရ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့် မရရှိခဲ့ချေ။

ထိုခေတ် နိုင်ငံရေးအခြေအနေအရ အာဏာရပါတီများက သမ္မတကို ရွေးချယ်ပြီး နိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ပေးခဲ့သည်။ သမ္မတကို ဘိသိက်သွန်းလောင်းကာ အလေးထားဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သမ္မတသည် ထိုစဉ်က ပါလီမန်ဖွင့်လှစ်သည့်အခါ "ဤပါလီမန်ကို ကျွန်ုပ်ဖွင့်လှစ်လိုက်သည်" ဟူ၍လည်းကောင်း၊ ပါလီမန် ကျင်းပမှုပြီးဆုံးပါက "ဤပါလီမန်ကို ကျွန်ုပ်ပိတ်သိမ်းလိုက်သည်" ဟူ၍လည်းကောင်း မြွက်ကြားပြောဆိုကာ ဆောင်ရွက်ပေးသည်။ ထို့အပြင် ပါလီမန်က တင်ပြမှုများကို သမ္မတက အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

ထိုစဉ်က နိုင်ငံတော်သမ္မတများသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်သည်။ နိုင်ငံတော် အချုပ်အခြာသည် နိုင်ငံတော်သမ္မတဖြစ်ရာ ကိုယ့်ထီး၊ ကိုယ့်နန်းနှင့် နှစ်ပေါင်း ရာထောင်ချီကာ နေထိုင်ခဲ့ကြသော မြန်မာလူမျိုးတို့က လွတ်လပ်သည့် အချုပ်အခြာဖြစ်မှုကို တန်ဖိုးထားခဲ့ကြသည်။ လေးစားမြတ်နိုးသော ပြည်သူများက ဗိုလ်ရှုခံ၊ ဗိုလ်ရှုသဘင်၊ လွတ်သဘင်များဆင်နွှဲကာ နိုင်ငံတော်သမ္မတကို ချီတက်အလေးပြုခဲ့ကြသည်။

"ဟံသာဝတီ အဝိုင်းဘက်ကနေပြီး (ကြည်း၊ရေ၊ လေ) တပ်ဖွဲ့ဝင်တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူတွေက ဗိုလ်ရှုခံ အဆောက်အအုံကို တန်းစီချီတက်လာပြီး သမ္မတကြီးကို အလေးပြုကြတာက သောင်းသောင်းဖြဖြပါပဲ။ ကျွန်တော်တို့က သတင်းထောက်တွေဆိုတော့ သတင်းသွားယူတဲ့အခါ ပြည်သူတွေအားလုံး တက်တက်ကြွကြွနဲ့ မို့ ပျော်စရာ၊ ကြည်နူးစရာပါ။ ရှေ့ဆုံးက အလံကိုင်တပ်ဖွဲ့၊ နောက်မှာ ကြည်း၊ ရေ၊ လေတပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ပြည်သူတွေက အစဉ်လိုက် ချီတက် အလေးပြုကြတာပါ"ဟု ဆရာတက္ကသိုလ်မြတ်သူက ပြောသည်။

အချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဗိုလ်ရှုခံကို ကျင်းပခဲ့သည်။ အချုပ်အခြာအာဏာကို အလေးထားမှု၊ တန်ဖိုးထားမှု၊ ကာကွယ်စောင့်ရှောက်မှုများလည်း အစဉ်တစိုက်ရှိခဲ့သည်။ ကောင်းမွန်သော အစဉ်အလာများကို လက်ဆင့်ကမ်း ဆောင်ရွက်သွားကြရမည်မှာ အမှန်ပင်ဖြစ်သည်။

## အာဟာရပြည့်အချိုရည်နှင့် ပေါင်မုန့်များ လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁**- ဗိုလ်ရှုသဘင်အခမ်းအနားသို့ချီတက်မည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်စည်ပင် ဧည့်ရိပ်သာတည်းခိုဆောင်၌ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရပြည့်အချိုရည်နှင့် ပေါင်မုန့်များ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ထွေးထွေးညွန့်၊ အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့်အဖွဲ့ဝင်များ၊ ချီတက်အလေးပြုမည့်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။ အဖွဲ့ဝင် ၄၀၀ ကျော်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရပြည့်အချိုရည်နှင့်မုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

# မြန်မာ-ဂျပန် အမျိုးသမီးကင်းထောက်များ စခန်းချတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာအမျိုးသမီး ကင်းထောက်များနှင့် ဂျပန်အိုဆာကာ အမျိုးသမီးကင်းထောက်များ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချတွေ့ဆုံပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ တက်ရောက်ဂုဏ်ပြုအားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး စခန်းချဂျပန်နှင့် မြန်မာအမျိုးသမီးကင်းထောက်များနှင့် အုပ်ချုပ်သူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချတွေ့ဆုံပွဲကို ၂၀၁၃ ခုနှစ်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

ယခု ဒုတိယအကြိမ် မြန်မာအမျိုးသမီးကင်းထောက်များနှင့် ဂျပန်အိုဆာကာ အမျိုးသမီးကင်းထောက်များ၏ အပြည်ပြည်ဆိုင်ရာစခန်းချတွေ့ဆုံပွဲကို နေပြည်တော်တွင် ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။ စခန်းချတွေ့ဆုံပွဲတွင် မြန်မာအမျိုးသမီး ကင်းထောက်လူငယ် ၄၅ ဦးနှင့် အုပ်ချုပ်သူ ၂၈ ဦး၊ ဂျပန်အမျိုးသမီး ကင်းထောက်လူငယ် ၁၈ ဦးနှင့် အုပ်ချုပ်သူ ၁၂ ဦး စုစုပေါင်း ၁၀၂ ဦး တက်ရောက်ခဲ့ကြသည်။

ယခု တွေ့ဆုံပွဲ၏ ဆောင်ပုဒ်မှာ ခင်မင်မှုဖြစ်ပြီး မြန်မာ-ဂျပန် အမျိုးသမီး ကင်းထောက်လူငယ်များ၏ ချစ်ကြည်ရင်းနှီးမှုကိုဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ရာ စခန်းချကာလအတွင်း နေပြည်တော် ဒက္ခိဏသီရိမြို့နယ်သို့ သွားရောက်၍ အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဟောပြောပွဲများကျင်းပခြင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ကာ လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင် အခမ်းအနားတွင် ချီတက်ကြမည့် ကင်းထောက်လူငယ်များနှင့် အတူ ဒီဇင်ဘာ ၃၀ ရက် ညတွင် ခင်မင်စွာ မီးပုံပွဲကျင်းပခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးကင်းထောက်ချုပ် ဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်စောဥမ္မာနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရဖြစ် အစားအစာများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်ကောင်စီနယ်မြေ စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ၌ တည်းခို၍ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်အလေးပြုမည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီခွဲက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖြစ်အစားအစာများ လာရောက်လှူဒါန်းသည်။ **(အပေါ်ပုံ)**

လှူဒါန်းရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ထွေးထွေးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်စဝ်နွမ်းခွန်ဆမ်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ချီတက်အလေးပြုမည့် ဗဟိုအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ နည်းပြဆရာများ၊ ကြီးကြပ်သူများ တက်ရောက်ခဲ့ပြီး စုစုပေါင်း ၄၀၀ အတွက် အာဟာရဖြစ် အစားအစာများ လှူဒါန်းကာ လေ့ကျင့်မှုများကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

# မိုးညှို၌ ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေးထိုးနှံ

**မိုးညို ဇန်နဝါရီ ၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ Mr. Ajay Kumur Rohra နှင့် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ အထူးကာကွယ်ဆေးထိုးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ဆန်းမင်းတို့သည် မိုးညိုမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ ဆောင်၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးမင်းသန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများမှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒီဇင်ဘာ ၃၀ ရက်က ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လာရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်ထိကို စာသင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ၅ နှစ်မှ ၁၅ နှစ်အထိကိုလည်းကောင်း၊ ရပ်ရွာ လူထုအခြေပြုကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ (၉ လမှ ၁၅ နှစ်)ထိကိုလည်းကောင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# ရှင်ဗွေယန်မြို့၌ ရပ်ကွက်ချင်းဆက်တံတား တည်ဆောက်နိုင်ရေးဆွေးနွေး

**ရှင်ဗွေယန် ဇန်နဝါရီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ရှင်ဗွေယန်ချောင်း ရပ်ကွက်ချင်းဆက်တံတား တည်ဆောက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ အဆိုပါဆွေးနွေးပွဲသို့ မြို့အုပ်ချုပ်ရေးမှူး ဦးညီညီထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တံတားအကျိုးဆောင်အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများတက်ရောက်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအား ဆွေးနွေးပြီးနောက် တံတားတည်ဆောက်မည့်နေရာ လမ်းအနေအထားကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတံတားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဘေလီသံပေါင်သစ်သား ကြမ်းခင်းအရှည်ပေ ၂၆၀၊ အကျယ် ၁၄ ပေကို ငွေကျပ်သန်း ၁၅၀ အကုန်ကျခံ၍ ရေတာပိန်ကုမ္ပဏီက တာဝန်ခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျေအားနော(iprd)**

**နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**

# အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဆီသို့

**မိုးသူဇာစိုး**

နိုင်ငံတော်အစိုးရ၏ ပညာရေးနှင့် ကျန်းမာရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို သိသာထင်ရှားစွာ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ အားလုံးပါဝင်ပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ် ပေါ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန Education Channel တာဝန်ခံဖြစ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။

**မေး။ ။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်က တိုးမြှင့်ထောက်ပံ့ပေးနေတဲ့ အခြေအနေကို ရှင်းပြပေးပါရှင့်။**



**ဦးသန့်ဇင်ထွန်း (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ပညာရေး ဝန်ကြီးဌာန Education Channel တာဝန်ခံ။)**

ဖြေ။ ။ နိုင်ငံတော်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ ပညာရေးဆိုင်ရာ အကျိုးခံစားခွင့်တွေ အားလုံးရရှိဖို့ကို ဦးတည်ဆောင်ရွက်နေပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီး ပညာရေးမြှင့်တင်မှုဆိုင်ရာ အသုံးစရိတ်တွေကို တိုးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာဆိုရင် ငွေကျပ် ၂၃၅ ဘီလီယံ တိုးမြှင့်ပံ့ပိုးပေးခဲ့ပါတယ်။ ဒီလို ဘဏ္ဍာငွေ တိုးတက်ရရှိခြင်းကြောင့် ပညာရေးဖွံ့ဖြိုးမှု လုပ်ငန်းတွေမှာ လျင်မြန်တဲ့ အကျိုးဖြစ်ထွန်းမှုတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးမှာ ကျောင်းသားဦးရေ၊ ဆရာ ဆရာမဦးရေနဲ့ ကျောင်းအရေအတွက် တိုးတက်မှုတွေ သိသိသာသာရှိလာတာဖြစ်ပါတယ်။ အခြေခံပညာကျောင်းအရေအတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ၄၃၁၂ ကျောင်း တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး အခြေခံပညာဆရာ၊ ဆရာမဦးရေက ၃၃၄၉၄ ဦး တိုးတက်ခန့်ထားနိုင်ခဲ့ပါတယ်။ အခြေခံပညာကျောင်းသားဦးရေက ရှစ်သိန်း ရှစ်သောင်းကျော်တိုးတက်လာပြီး ၂၀၁၀- ၂၀၁၁ ပညာသင်နှစ်ကစပြီး နှစ်အလိုက်တိုးတက်မှုမှာ ဒီနှစ်အများဆုံး ဖြစ်ပါတယ်။

**မေး။ ။ အခြေခံပညာရေးမှာ အခမဲ့အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေကို ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ အခြေခံပညာမူလတန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်ကစပြီး အခမဲ့ပညာရေးအဖြစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာတော့ မူလတန်းနဲ့ အလယ်တန်းပညာရေးကို အခမဲ့စနစ်နဲ့ ဆောင်ရွက်နိုင်ခဲ့ပြီး ကျောင်းသုံးပုံနှိပ်စာအုပ်နဲ့ ဗလာစာအုပ်တွေလည်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ **၂၀၁၅- ၂၀၁၆ ပညာသင်နှစ်မှာတော့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးကို အခမဲ့အဖြစ် ဆောင်ရွက်သွားဖို့လျာထားပါတယ်။ ဒါ့အပြင် အခြေခံပညာမူလတန်းကျောင်းသား၊ ကျောင်းသူ ၅၇ သိန်း ကျော်ကို ကျောင်းဝတ်စုံတွေထောက်ပံ့ သွားဖို့ စီစဉ်ထားပြီး ဖြစ်**ပါတယ်။

**မေး။ ။ ပညာသင်ဆုနဲ့ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်တွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကတည်းက ပညာသင်ဆုနဲ့ ပညာသင်ထောက်ပံ့ကြေးတွေ ပံ့ပိုးပေးခဲ့ပါတယ်။ လာမယ့်နှစ်မှာ ပညာသင်ဆုကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်တစ်ခုစီတိုင်းအတွက် မြို့နယ်တစ်ခုလျှင် တစ်ဦးနှုန်းကနေသုံးဦးနှုန်း၊ မြို့နယ်ခွဲတစ်ခုလျှင် တစ်ဦးနှုန်းကနေ နှစ်ဦးနှုန်း တိုးမြှင့်ထောက်ပံ့သွားဖို့ လျာထားပါတယ်။ ဒါ့အပြင် ဆရာအတတ်ပညာသင်တန်းကျောင်းတွေမှာလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ နောက်ပြီး အဆင့်မြင့် ပညာသင်ဆုတွေလည်းပေးနေတယ်။ တက္ကသိုလ်ပညာသင်ဆု၊ နည်းပညာချွန်ဆု၊ ကွန်ပျူတာချွန်ဆု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝိဇ္ဇာ၊ သိပ္ပံပထမဆုတွေနဲ့ စီးပွားရေးပညာချွန်ဆုတွေကို သက်ဆိုင်ရာတက္ကသိုလ်များအလိုက် ရွေးချယ်ပြီး ချီးမြှင့်ပေးနေပါတယ်။ ပညာသင်ထောက်ပံ့ကြေးတွေလည်း ပံ့ပိုးလျက်ရှိပါတယ်။ လာမယ့်နှစ်မှာဆိုရင် အဆင့်မြင့်ပညာကဏ္ဍမှာ ပညာသင်ဆုအရေအတွက် ၂၅၀၀ နီးပါးနဲ့ ပညာသင်ထောက်ပံ့ကြေး အရေအတွက် ၃၅၀၀၀နီးပါး ပံ့ပိုးသွားနိုင်ဖို့ လျာထားပါတယ်။

**မေး။ ။ တက္ကသိုလ်တက်မယ့် ကျောင်းသား ကျောင်းသူတွေအတွက် အဆောင် စီစဉ်ပေးမှုတွေနဲ့ ပတ်သက်ပြီး ပြောပြပေးပါရှင့်။**

ဖြေ။ ။ အဆင့်မြင့်ပညာကဏ္ဍမှာ ကျောင်းသားကျောင်းသူတွေ စိတ်လက်အေးချမ်းစွာနေထိုင်ပြီး ပညာသင်ကြားနိုင်ဖို့ အဆောင်တွေ တိုးချဲ့ဆောက်လုပ်တာ၊ ပြုပြင်မွမ်းမံတာတွေကို အရှိန်မြှင့်ဆောင်ရွက်နေပါတယ်။ **၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူ ၁၆၀၀ ကျော်အတွက် အဆောင်တွေစီစဉ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်တော့ ၈၀၀၀ နီးပါးနေထိုင်နိုင်အောင် လျာထားပြီး ပြင်ဆင်ဆောင်ရွက်နေ**ပါတယ်။

**မေး။ ။ အမျိုးသားပညာရေးဥပဒေရဲ့ နောက်ဆက်တွဲဥပဒေတွေ ရေးဆွဲနေတာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ အမျိုးသားပညာရေးဥပဒေ၏ နောက်ဆက်တွဲ ဥပဒေများနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ ဒီရက်ပိုင်းမှာ ဆက်တိုက်ကျင်းပဖြစ်နေပါတယ်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း CESR အဖွဲ့က အဖွဲ့ဝင်တွေ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းတွေ၊ အကြံပေးပညာရှင်တွေက ဆက်စပ်ဥပဒေကြမ်းများနဲ့ ပတ်သက်ပြီး ပါဝင်ဆွေးနွေးကြတာဖြစ်ပါတယ်။ ယူနီဆက်ဖ်၊ ယူနက်စကို၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ စတဲ့နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူတွေပါ ဝိုင်းဝန်းအကြံပြုကြတာ အားရကျေနပ်စရာကောင်းပါတယ်။ ဆွေးနွေးပွဲမှာ ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေရဲ့ သုံးသပ်အကြံပြုချက်တွေနဲ့ ဆက်စပ်ဥပဒေတွေ အတည်ပြုပြဋ္ဌာန်းသွားနိုင်ဖို့ အားလုံးပါဝင်ဆွေးနွေးနေကြခြင်း ဖြစ်ပါတယ်။

**မေး။ ။ ဗြိတိသျှကောင်စီနဲ့ တွဲဖက်ဆောင်ရွက်နေတဲ့ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးနဲ့ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနမှာရှိတဲ့ ပညာရေးကောလိပ်(၂၁) ကျောင်းမှာ တက်ရောက်သင်ကြားနေတဲ့ ဆရာ၊ ဆရာမလောင်းတွေရဲ့ အင်္ဂလိပ်ဘာသာစကားဆိုင်ရာ အရည်အသွေးတိုးမြှင့်ဖို့ ဗြိတိသျှကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ **Native Speaker ဆရာအယောက် ၅၀ ကို တစ်ကျောင်း ဆရာနှစ်ယောက်နှုန်းနဲ့ ဆရာ ဆရာမလောင်းတွေကို နှစ်နှစ်တာ ပို့ချနေတာဖြစ်ပါတယ်။ ဒီအစီအစဉ်က စက်တင်ဘာလကတည်းက စတင်ခဲ့တာဖြစ်**ပါတယ်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အတူ အထက်တန်းပညာရေးကိုပါ အခမဲ့ပညာရေးအဖြစ် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအနာဂတ်ကြယ်ပွင့်များအတွက် အားရဖွယ်အစီအစဉ်ပင် ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းကာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုအစစ်အမှန်ဖြစ်သည့် ပညာရေးကဏ္ဍ အောင်မြင်မှုရရှိရန် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်နိုင်စေကြောင်း ဆန္ဒပြုလျက်. . . .

ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# နိုင်ငံတကာဥပဒေကို တစေ့တစောင်းလေ့လာခြင်း

ဦးခင်မောင်(အငြိမ်းစားသံတမန်)

ရိုးသားစွာဝန်ခံရလျှင် ကျွန်တော်သည် နိုင်ငံတကာ ဥပဒေပညာရှင်တစ်ဦး မဟုတ်ပါ။ နိုင်ငံတကာဥပဒေသည် အလွန်နက်နဲကျယ်ပြန့်ပြီး အလွန်ပင်ခက်ခဲပါသည်။ ထို့ကြောင့် အမှန်တကယ် တတ်ကျွမ်းနားလည်သော ဥပဒေပညာရှင်များနှင့် ထင်ရှားသော ပညာရှင်များသာ နိုင်ငံတကာဥပဒေကို ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် ရေးသားနိုင်စွမ်းရှိမည်ဟု ယုံကြည်ပါသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတကာဥပဒေကို ဥပဒေ လေ့လာလိုက်စားသူ တစ်ဦး၏ရှုထောင့်ကနေပြီး ကျွန်တော့်အား တစေ့တစောင်း တင်ပြခွင့်ပြုပါ။

ဥပဒေ လေ့လာလိုက်စားသူတစ်ဦး၏ ရှုထောင့်ဟုဆိုရာဝယ် ကျွန်တော့်အနေဖြင့် နိုင်ငံတကာဥပဒေလေ့လာလိုက်စားသူဟူသော စကားစုကို တိုက်ရိုက်အနက်အဓိပ္ပာယ် ဖွင့်လိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုအချက်နှင့်ပတ်သက်ပြီး သက်ကြီးရွယ်အိုအငြိမ်းစား ဝန်ထမ်းတစ်ဦးဖြစ်သူ ကျွန်တော့်အနေဖြင့် မိမိကိုယ်မိမိ ဥပဒေလေ့လာလိုက်စားသူ တစ်ဦးဟုဘာကြောင့် သဘောထားရသလဲဆိုသော မေးခွန်းကိုမေးချင် မေးကြပေလိမ့်မည်။ ကျွန်တော့်အဖြေကတော့ ကျွန်တော်သည် မိမိစိတ်ဝင်စားသော ဘာသာရပ်အချို့ကို ယနေ့တိုင် အချိန်ပေးလေ့လာ လိုက်စားနေခြင်းကြောင့်ပင်ဖြစ်သည်။

**အမှန်တကယ်အားဖြင့် နိုင်ငံတကာဥပဒေသည် ပညာရပ်ဆိုင်ရာ ဗဟုသုတအလို့ငှာ ကျွန်တော်လေ့လာလိုက်စားချင်နေသော ဘာသာရပ်တစ်ခုဖြစ်ပါသည်။ ကျွန်တော့်ကို နောက်ထပ်မေးခွန်းတစ်ခု မေးမြန်းကြဖွယ်ရှိပါသည်။ သင်အသက်အရွယ်ကြီးရင့်နေပြီပဲ၊ စာပေတွေလေ့လာနေတုန်းပဲလားဟူသော မေးခွန်းပင်ဖြစ်သည်။ အမေးရှိတော့ အဖြေရှိရတော့မည်ဖြစ်သည်။ ကျွန်တော့်အဖြေကတော့ လေ့လာသင်ယူမှုမည်သည် အဆုံးမရှိဟုယူဆထားခြင်းကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ပညာရပ်ဆိုင်ရာ လေ့လာသင်ယူမှုလုပ်ငန်းသည်အဆုံးမရှိဘဲ အစသာဖြစ်နေသဖြင့် ပို၍ပို၍ လေ့လာသင်ယူရန် လိုအပ်နေခြင်းဖြစ်သည်။ ဒီနေရာမှာ လေ့လာသင်ယူမှုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး စာဖတ်သူများ၏အမြင်ကို သိပါရစေ။ စာဖတ်သူ ဘယ်လိုပြောဆိုမလဲ ကျွန်တော်သိချင်ပါသည်။**

ကဲဆွေးနွေးမယ့်ခေါင်းစဉ်နှင့်ပတ်သက်ပြီး စကြရအောင်။

နိုင်ငံတကာဥပဒေဆိုတာဘာလဲ။

**နိုင်ငံတကာဥပဒေဆိုတာ နိုင်ငံများရဲ့ ဥပဒေ(သို့) နိုင်ငံများအကြား ဆက်ဆံရေးကို ထိန်းချုပ်ပေးထားသော စည်းမျဉ်းစည်းကမ်းများ၏ အစုအပုံပင်ဖြစ်သည်။ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ် ဆင်းရဲချမ်းသာ၊ အင်အားကြီး အင်အားငယ်၊ နိုင်ငံအရွယ်အစားကြီးခြင်း၊ သေးခြင်းတို့ကို မခွဲခြားဘဲ တန်းတူညီတူ အကျိုးသက်ရောက်မှု ရှိစေသည်သာဖြစ်သည်။ နိုင်ငံများသည် နိုင်ငံတကာဥပဒေများအောက်တွင်ရှိသဖြင့် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာရမည်သာဖြစ်သည်။ နိုင်ငံများအနေဖြင့် မိမိတို့ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတကာဥပဒေကို အလွဲသုံးမှုမပြုရပါ။**

နိုင်ငံတကာဥပဒေအောက်တွင်ရှိနေသော နိုင်ငံများအနေဖြင့် နိုင်ငံတကာဆိုင်ရာ ထူးခြားသော ပင်ကိုအရည်အသွေးများ ရှိကြသည်ဖြစ်ရာနိုင်ငံတကာဥပဒေအရ ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားနှင့် ရပိုင်ခွင့်များ ရရှိခံစားကြရသည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံတကာ ဥပဒေအရ ကော်ပိုရေးရှင်းများ၊ လူပုဂ္ဂိုလ်များကလည်း အချို့သောအခြေအနေများတွင် တာဝန်နှင့် ရပိုင်ခွင့်များ ရှိသည်ဆိုသည့်အသိကလည်း ကြီးထွားလာသည်။ အများက လက်ခံလာသည့် အခြားအမြင်တစ်ခုကလည်းရှိနေသည်။ ယင်းမှာနိုင်ငံများသည် အခြားနိုင်ငံများနှင့် ဆက်ဆံရာတွင် မိမိနိုင်ငံ၏ ကော်ပိုရေးရှင်းနှင့်လူပုဂ္ဂိုလ်များကို ကိုယ်စားပြုရမည် ဆိုသည့် အချက်ပင်ဖြစ်သည်။

နိုင်ငံတကာဥပဒေကို နိုင်ငံများဆိုင်ရာ ညီလာခံမှ သဘာတူခဲ့ကြသော (ကွန်ဗင်းရှင်း) နိုင်ငံတကာဥပဒေနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ ဥပဒေဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ ဥပဒေဆိုသည်မှာ ခေတ်အဆက်ဆက် တည်ရှိလာခဲ့သော ရိုးရာဓလေ့ထုံးတမ်းများ၊ ကျင့်ဝတ်စည်းကမ်းများအပေါ် အခြေခံထားသော ဥပဒေဖြစ်ပြီး ယင်းဥပဒေပါအချက်များကို ချိုးဖောက်ပါက သင့်လျော်သည့်နည်းဖြင့် အရေးယူရန် ခေတ်မီနိုင်ငံများပင်လျှင် လက်ခံသဘောတူခဲ့ကြသော နိုင်ငံအများဆိုင်ရာ ညီလာခံမှ

## ▌ လက်ရှိအခြေအနေတွင် နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုသည် နိုင်ငံတကာဥပဒေ၏ အခြေခံအကျဆုံး ဥပဒေသဖြစ်သည် ▐

သဘောတူခဲ့ကြသော (ကွန်ဗင်းရှင်း) နိုင်ငံတကာဥပဒေဆိုသည်မှာ နိုင်ငံတကာ သဘောတူညီချက် (သို့မဟုတ်) နိုင်ငံပေါင်းစုံလက်မှတ်ထိုးထားသောစာချုပ်အရ လက်ခံအတည်ပြုခဲ့သော ဥပဒေပင်ဖြစ်သည်။ ဥပမာအားဖြင့် ပင်လယ်ပြင် ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပင်ဖြစ်သည်။

**ယနေ့ကမ္ဘာနှင့်နိုင်ငံတကာဥပဒေ၏ အခန်းကဏ္ဍ**

**သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကို ကမ္ဘာအနှံ့ အသုံးပြုနေကြချိန်တွင် ကမ္ဘာကြီးကို တစ်ခုတည်းသော အသိုက်အဝန်း(သို့) ကမ္ဘာ့ကျေးရွာတစ်ရွာဟူ၍ သတ်မှတ်ခဲ့ကြသည်။ အဆိုပါကျေးရွာအတွင်း တစ်ဦးနှင့်တစ်ဦး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပို၍လွယ်ကူချောမွေ့လျင်မြန်စွာဖြင့် ဆက်သွယ်နိုင်ကြသည်။ ထို့ကြောင့်လည်း နိုင်ငံများအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပို၍ပို၍ အပြန်အလှန်မှီခိုအားထားခြင်းနှင့်အပြန်အလှန် အကျိုးပြုခြင်းများ ရှိလာကြသည်။ အကျိုးဆက်အားဖြင့် နိုင်ငံတိုင်းသည် တိုင်းပြည်များ၏ မိသားစုဝင်တစ်ဦး မလွှဲမသွေဖြစ်လာခဲ့သည်။ ယခုလို သတင်းနှင့်ဆက်သွယ်ရေးနည်းပညာခေတ်တွင် နိုင်ငံတကာဥပဒေ၏ အခန်းကဏ္ဍသည် ပို၍အရေးပါပို၍ သက်ဝင်လာမည်ဟု ယုံကြည်ပါသည်။ အကြောင်းမှာ နိုင်ငံတကာ အသိုက်အဝန်း၏ အရေးအရာပြဿနာများအတွက် နိုင်ငံတကာဥပဒေမှာ မရှိမဖြစ် လိုအပ်လာခြင်းကြောင့်ဖြစ်သည်။ ဒါကြောင့်လည်း Doctrine of incorporation ကို အကျဉ်းအားဖြင့် ရှင်းပြသင့်သည်ဟု ထင်ပါသည်။**

“ Doctrine of incorporation ”**သည် နိုင်ငံတကာ ဥပဒေအောက်ရှိနိုင်ငံများက အသိအမှတ်ပြုထားသော အခြေခံသဘောတရားအဖြစ်နိုင်ငံအများ၏ ဥပဒေများတွင်ထည့်သွင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် တရားရုံး များသည် တရားရေးဆိုင်ရာ အလေးထားမှုပြုလာကြ သည်။ နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ယေဘုယျအားဖြင့် လက်ခံထားသောနိုင်ငံတကာဥပဒေပါမူများကို နိုင်ငံအများ (ပြည်တွင်းဥပဒေတစ်ရပ်) ဥပဒေအဖြစ် လက်ခံကြရေးဟူသောအချက်ကို အတိအကျပြဋ္ဌာန်းထားသည်။**

လက်ရှိအခြေအနေတွင် နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုသည် နိုင်ငံတကာဥပဒေ၏ အခြေခံအကျဆုံး ဥပဒေသဖြစ်သည်။ (၂၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်အညီ နိုင်ငံများအကြား ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာဥပဒေ အခြေခံသဘောတရားများကို ပြန်လည် အသက်သွင်းရန် ရည်ရွယ်ချက်နှင့်အတူ GA 2625 (XXV) ၏ ဆုံးဖြတ်ချက်ဖြင့် လေးလေးနက်နက် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းထုတ်ပြန်ကြေညာချက်တွင် အောက်ပါအချက်များ ပါဝင်သည်-

- နိုင်ငံတစ်ခု၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ အမှု ကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု မပြုရေး တာဝန်နှင့် ပတ်သက်သည့်ဥပဒေ။
- နိုင်ငံများ၏ တာဝန်မှာ အခြားနိုင်ငံတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်။
- လူများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေ။
- နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှရေးဆိုင်ရာ ဥပဒေသ

နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှရေးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ကြေညာချက်က နိုင်ငံများသည် အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို ခံစားသည်။ နိုင်ငံများသည် စီးပွားရေး၊ နိုင်ငံရေးနှင့်အခြားသော အကြောင်း ကိစ္စများတွင် ကွဲပြားခြားနားစေကာမူ တူညီသောအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများရှိကြပြီး နိုင်ငံတကာ အသိုင်းအဝိုင်း၏ တန်းတူညီမျှသော အဖွဲ့ဝင်များဖြစ်သည်ဟု အလေးအနက်ဖော်ပြခဲ့သည်။

အထူးသဖြင့် အချုပ်အခြာအာဏာတန်းတူညီမျှမှုတွင် အောက်ပါအချက်များပါဝင်သည်-

(၁) နိုင်ငံအားလုံးသည် တရားရေးအရ တန်းတူညီမျှသည်။
(၂) နိုင်ငံတိုင်းသည် ပြည့်ဝစုံလင်သော အချုပ်အခြာအာဏာအတွင်း မွေးရာပါအခွင့်အရေးခံစားရသည်။
(၃) နိုင်ငံတိုင်းသည် အခြားနိုင်ငံများအပေါ် အလေးထားရန် တာဝန်ရှိသည်။
(၄) နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့်နိုင်ငံရေးအရလွတ်လပ်မှုကို မချိုးဖောက်ရ။
(၅) နိုင်ငံတိုင်းသည် ၎င်း၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစနစ်များကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် တည်ဆောက်ပိုင်ခွင့်ရှိသည်။
(၆) နိုင်ငံတိုင်းသည်အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ၎င်း၏ နိုင်ငံတကာဆိုင်ရာ တာဝန်ဝတ္တရားများအား အပြည့်အဝလိုက်နာရန် တာဝန်ရှိသည်။

**ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခြေခံမူများတွင် နိုင်ငံတကာ ဥပဒေအခြေခံမူများ ပါဝင်သင့်ကြောင်း အထွေထွေညီလာခံကြေညာချက်က ထုတ်ဖော်ကြေညာခဲ့သည်။**

အထက်ဖော်ပြပါအချက်များမှာ အထွေထွေညီလာခံကြေညာချက် GA 2625 (XXV) မှ ထုတ်ဖော်ကြေညာခဲ့သည့် နိုင်ငံတကာဥပဒေအခြေခံမူများ အကျဉ်းချုပ်မျှသာဖြစ်သည်။ ကျွန်ုပ်၏ ကိုယ်ပိုင်အမြင်ကို ဖော်ပြရပါက အဆိုပါအခြေခံမူများအားလုံးမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်တွင် လေးနက်သောကြေညာချက်အဖြစ်သာရှိမနေသင့်ရုံသာမက ကုလသမဂ္ဂ၏ မှတ်တမ်းမှတ်ရာများတွင်လည်း မှတ်တမ်းတင်ထားသည့် ခမ်းနားထည်ဝါသည့် စကားလုံးများအဖြစ်ဖြင့်လည်း ရှိမနေသင့်ပေ။ အခြေခံမူတစ်ချက်စီတိုင်းအား နိုင်ငံအားလုံးက စိတ်ရင်းစေတနာကောင်းဖြင့် တိကျစွာ စောင့်ထိန်းလိုက်နာသင့်ပါသည်။ ထို့အပြင် ကျွန်တော်ပြောချင်တာကတော့ ဥပဒေတစ်ခုသို့မဟုတ် အခြေခံမူတစ်ခုကို လိုက်နာရမည်ဆိုပါက **ဥပဒေပါစည်းကမ်းအတိုင်း တိတိကျကျလိုက်နာရုံသာမက အနှစ်သာရကိုလည်း လိုက်နာရမှာဖြစ်ပါတယ်။ ထို့အပြင်နိုင်ငံများက တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်လေးစားမှုဖြင့် ဆက်ဆံကြရမည်ဖြစ်ပြီး နိုင်ငံအချင်းချင်းဆက်ဆံရေးမှသည် တရားဥပဒေစိုးမိုးမှု ဖြစ်ပေါ်လာမည်ဖြစ်သည်။ သို့မှသာ နိုင်ငံကြီးက နိုင်ငံငယ်အား အနိုင်ကျင့်မှု၊ ချမ်းသာသော နိုင်ငံကဆင်းရဲသောနိုင်ငံအား ဖိနှိပ်ချုပ်ချယ်မှုနှင့် အင်အားကြီးနိုင်ငံက အင်အားသေးနိုင်ငံအား မင်းမူမှုတို့မှာ ဤကမ္ဘာမြေကြီးမှ လုံးဝပျောက်ကွယ်သွားမည်ဟု ယုံကြည်ပါသည်။ အားလုံးကလည်း ကျွန်တော်နှင့် သဘောတူလိမ့်မည်ဟု မျှော်လင့်ပါသည်။**

*(၂၈-၁၂-၂၀၁၆ ရက်နေ့ထုတ် **The Global New Light of Myanmar** သတင်းစာတွင် ဖော်ပြခဲ့သည့် **A glimpse of International Law** ဆောင်းပါးကို သတင်းစာနှင့် စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။)*

## နှစ်ဦး အလှူတော် အာဟာရဒါန စုပေါင်းလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁**

အာဟာရဒါန ပရဟိတမောင်နှမများအဖွဲ့၊ ရှင်ရေးကူညီမှုအသင်း (NOBLE HEART) နှင့် စေတနာရှင်အလှူရှင်များပူးပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် လူနာများ၊ လူနာစောင့်များအတွက် (၁၁၇)ကြိမ်မြောက် အာဟာရဒါန လှူဒါန်းပွဲကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့အဝင်မုခ်ဦး၌ နှစ်ဦးအလှူတော်အဖြစ် စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **ကိုချစ်**

## အောက်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်တိုးနိုင်

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မန္တလေးမြို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အင်းတော်တွင် ဆောင်းသီးနှံမြေပဲအစား နှမ်းစိုက်ပျိုးရန်တွန်းအားပေး

**အင်းတော် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ တောင်သူများ အနေဖြင့် မိုးစပါးရိတ်သိမ်းပြီး ဆောင်းသီးနှံများကို ထွန်ယက်စိုက်ပျိုးကြရာ လယ်သီးထပ်အဖြစ် မြေပဲကို အဓိကထား၍ စိုက်ပျိုးကြသည်။ ယခုနောက်ပိုင်းနှစ်များတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်လာပြီး မိုးရွာသွန်းမှု မမှန်ခြင်း၊ မိုးရေချိန်လက်မနည်းပါးခြင်းများ ဖြစ်ပေါ်နေသည်။ မြေပဲသီးနှံစိုက်ပျိုးရာတွင် မျိုးမြေပဲဈေးကြီးမြင့်ခြင်း၊ စိုက်ပျိုးစရိတ် မြေပဲခင်းပြုစုစောင့်ရှောက်စရိတ် များပြားလွန်းခြင်းအပြင် လစဉ်မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် တောင်သူများနှစ်စဉ်အရှုံးပေါ်နေကြသည်။

ထို့ကြောင့် မျိုးဖိုးနှင့်စိုက်ပျိုးစရိတ်နည်းပါးပြီး စိုက်ပျိုးမှု လွယ်ကူသော နှမ်းကို မြေပဲနေရာတွင် အစားထိုး ပြောင်းလဲစိုက်ပျိုးကြရန်လည်းကောင်း၊ နှမ်းအမြန်စိုက်ပျိုးမည်ဆိုလျှင် ဆင်းရတနာ (၃) နှမ်းမျိုးကို ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း၊ ဆင်းရတနာ (၃)နှမ်းသည် သက်တမ်း ၉၀ ရက်၊ အပင်မြင့် သုံးပေမှ လေးပေအပင် အမျိုးအစားမှာ ကိုင်းဖြာပြီး နှမ်းစေ့အရောင်မှာ အနက်ရောင်ရှိကာ တစ်ဧကလျှင် ၁၅ တင်းမှ တင်း ၂၀ ထိထွက်ရှိကြောင်း၊ ကုန်ကျစရိတ်နည်းပါးပြီး အထွက်ကောင်းကာ တောင်သူများအတွက် အကျိုးရှိမည့် မြေပဲအစားထိုး နှမ်းကို စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးသာဆန်းက ကျေးရွာများသို့ ကွင်းဆင်းပြီး တွန်းအားပေးခဲ့ကြောင်းနှင့် လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနသို့ မှာယူနိုင်ကြောင်းသိရသည်။ **ညိုမင်းထက် (မြန်မာစာ)**

# မိတ္ထီလာတွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်း (၄/၂၀၁၄) ဖွင့်

**မိတ္ထီလာ ဇန်နဝါရီ ၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်း (၄/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း ခန်းမတွင် ကျင်းပရာ စက်မှုလယ်ယာဦးစီး ဌာန ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးအေးမင်းက အမှာစကားပြောကြားကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းအုပ်ကြီး ဦးစိုးစိုး၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသား ၁၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး ရည်ရွယ်ချက်များဖြင့် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (တောင်သူ) သင်တန်းနှင့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းများကို မိတ္ထီလာ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းတွင် ဘဏ္ဍာရေးနှစ် အလိုက် စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၈၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၈၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၈၈၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၅-၁၀၄၁ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှံဆန် | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၄၈၀၀-၁၅၂၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၀၀၀-၃၀၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၆၂ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၆၀-၄၁၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၀၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၄၇၅-၁၅၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၆၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၆၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၁၀၀-၄၈၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဈေးငှတင်ပြသည်။

# ကျပ် ၃၆ သိန်းကျော်တန်ဖိုးရှိ တရားမဝင်တင်သွင်းသောဘီယာများ သိမ်းဆည်းရမိ

**ကျိုင်းတုံ ဇန်နဝါရီ ၁**

ကျိုင်းတုံမြို့ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင် ဦးစီးသော Mobile Team အဖွဲ့သည် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအတွက် ဒီဇင်ဘာ ၂၉ ရက် ညနေ ၅ နာရီခွဲတွင် ကျိုင်းတုံ မိုင်းလားလမ်းကြောင်းအတိုင်း ရှောင်ကွင်းလမ်းများကို စစ်ဆေးစဉ် နောင်ငင်း Mobile Team စစ်ဆေးရေးဂိတ်နှင့် နှစ်မိုင်ခန့်အကွာ ကတ်ဖကျေးရွာအုပ်စု ဖကန်ကျေးရွာအနီး ရှောင်ကွင်းလမ်းဘေး၌ စုပုံထားရှိသော Jin Shun Hong Yan ဘီယာအမျိုးအစား တစ်ဖာလျှင် ၁၂ ပုလင်းပါ ၆၀၆ ဖာ တန်ဖိုးငွေကျပ် ၃၆ သိန်းကျော် ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

၎င်းဘီယာများကို အကောက်ခွန်အမှုတွဲဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီး ဖျက်ဆီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(iprd)**

**သွေးသည်အသက်**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်

**အင်္ဂပူ ဇန်နဝါရီ ၁**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကလေးသူငယ်များနှင့် အများဆုံးထိတွေ့ဆက်ဆံနေရသော ဆရာ ဆရာမများ သိရှိနားလည်ပြီး ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ထူးကြီးမြို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီနှင့် CFN ကလေးသူငယ်များ ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် အခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်ပွဲကို ထူးကြီးမြို့ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထူးကြီးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်မျိုးဦးနှင့် ထူးကြီးမြို့ အခြေခံပညာကျောင်း မိသားစု၊ ကျောင်းစုမှူး ဦးတင်မြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် CFN ကလေးသူငယ်များ ဖွံ့ဖြိုးရေးအသင်းက သင်တန်းနည်းပြဆရာများဖြစ်ကြသော ဦးမင်းသိန်း၊ ဦးကြီးမြင့်၊ ဦးမျိုးမင်းဆွေတို့က ဆရာ ဆရာမများကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်ခန်းစာများ ပို့ချခဲ့သည်။



အဆိုပါသင်တန်းသို့ ထူးကြီးမြို့ အတွင်းမှ ဆရာ ဆရာမ ခြောက်ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒေသအတွင်း ဖြစ်ပေါ်နေသော ကလေးသူငယ်များဆိုင်ရာကိစ္စရပ်များကို မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်**



# အက်ဖ်အေဖလား တတိယအဆင့် ပွဲတွေလာပြီ

မိုးမြင့်လင်းလက်

**အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၃ ရက်မှာ စတင်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေအတွက် နိုင်ပွဲတွေရနိုင်မယ့်ပြိုင်ဘက်တွေနဲ့ ဆုံတွေ့ရဖို့ရှိနေပါတယ်။ဒါကြောင့် ဒီပွဲစဉ်တွေဟာ အသင်းကြီးတွေအတွက်တော့ သာသာယာယာရှိမယ့်ပွဲစဉ်တွေဖြစ်နေတာတော့ အမှန်ပါပဲ။**

**ချယ်လ်ဆီးနှင့် ဝက်ဖို့ဒ်**

အသင်းလိုက်စုဖွဲ့မှုရော ကစားအားပါကောင်းမွန်နေတဲ့ ချယ်လ်ဆီးတို့အတွက် ဝက်ဖို့ဒ်ကို အတိမ်းအစောင်းဖြစ်စရာမရှိနိုင်ပါဘူး။ ဝက်ဖို့ဒ်တို့က ချယ်လ်ဆီးကို ခြေရည်တူကစားနိုင်ဖို့ အတော်လေးအားထုတ်ရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ဝက်ဖို့ဒ်တို့ရလဒ်က ငါးဂိုးပြတ်ရှုံးထားတာမို့ အခုပွဲမှာဂိုးမပြတ်ဖို့ပဲ အာရုံစိုက်ရတော့မှာ ဖြစ်ပါတယ်။

**မန်စီးတီးနှင့် ရှက်ဖီးဝမ်းနက်စ်ဒေး**

မန်စီးတီးအတွက် ခြေချော်လက်ချော်မဖြစ်အောင် သတိထားကစားရမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားကိုလည်း ပစ်မှတ်ထားနေတဲ့ မန်စီးတီးတို့ဟာ အခုပွဲကို အိမ်ကွင်းမှာ ဂိုးရသလောက် သွင်းယူပါလိမ့်မယ်။ မန်စီးတီးကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရလဒ်ကိုကြည့်ရင် ရှက်ဖီးတို့ ခုနစ်ဂိုးပြတ် ရှုံးထားတာမို့ ဒီပွဲမှာလည်း မန်စီးတီးတို့ပွဲပဲဖြစ်ပါလိမ့်မယ်။

**ယိုဗေးလ်နှင့် မန်ယူ**

လိဂ်ဝမ်းမှာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ယိုဗေးလ်အသင်းအတွက် မန်ယူတို့ ပေါ့ဆလို့တော့မရပါဘူး။ အသင်းငယ် ယိုဗေးလ်ကို မန်ယူတို့ အရန်လူတွေနဲ့ ထုတ်သုံးရင်တော့ ရလဒ်ပြတ်သားဖို့တော့ မလွယ်ပါဘူး။ မန်ယူအတွက် နိုင်ပွဲဆိုတာနည်းပြဗန်ဟားလ်အပေါ် အများကြီးမူတည်နေပါတယ်။

**အာဆင်နယ်နှင့် ဟားလ်စီးတီး**

အာဆင်နယ်အတွက် နိုင်ပွဲရဖို့လိုအပ်နေပါတယ်။ ရလဒ်တွေပြန်ကောင်းဖို့ကြိုးစားနေတဲ့ နည်းပြအာစင်ဝင်းဂါးအတွက် ဒီပွဲဟာ အကောင်းဆုံးပုံစံပြန်ရဖို့ စွမ်းဆောင်ရည်ပြခွင့်ရမယ့်ပွဲပါပဲ။ ခြေစွမ်းမတည်ငြိမ်တဲ့ ဟားလ်စီးတီးအတွက် ခက်ခဲမယ့်ပွဲပါ။

**ဝင်ဘယ်ဒန်နှင့် လီဗာပူး**

လိဂ်တူးမှာတော့ ပုံမှန်ခြေစွမ်းရအောင်ကြိုးစားနေတဲ့ ဝင်ဘယ်ဒန်ကို လီဗာပူးတို့ လူစုံထုတ်ရင်တော့ အလွယ်တကူ ကျော်ဖြတ်နိုင်မှာပါ။ ခြေရည်တူကစားဖို့တောင် ခက်ခဲမယ့် ဝင်ဘယ်ဒန်တို့အတွက် ဒီပွဲဟာ အနိုင်ကို မျှော်လင့်စရာမလိုတဲ့ပွဲလို့ ယူဆရမှာဖြစ်ပါတယ်။

**ဘန်လေနှင့် စပါး**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ရလဒ်ကို ကြည့်ရင်တော့ ဘန်လေတို့လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားတာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် ဘန်လေတို့ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ စပါးတို့ကလည်း ခြေစွမ်းမတည်ငြိမ်ပေမယ့် လက်ရှိအနေအထားအရ အဝေးကွင်းမှာအားထည့်တတ်တာမို့ စပါးတို့ အနိုင်ရသွားနိုင်ပါတယ်။

**ဗီလာနှင့် ဘလက်ပူး**

ချန်ပီယံရှစ်မှာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဘလက်ပူးတို့ဒီပွဲမှာတော့ရှုန်းကန်ရဖို့ရှိနေပါတယ်။ ဗီလာတို့ဟာ အသင်းလိုက် နားလည်မှုရှိရှိနဲ့ကစားနိုင်ပြီး အိမ်ကွင်းမှာ နိုင်ပွဲရအောင်ကြိုးစားနိုင်တာမို့ ဘလက်ပူးတို့အတွက် မျှော်လင့်ချက်မဲ့သွားနိုင်တဲ့ပွဲပါ။

**ဆန်းဒါးလန်းနှင့် လိဒ်**

လိဒ်အသင်းရဲ့ခြေစွမ်းက အားရစရာမရှိပါဘူး။ ချန်ပီယံရှစ်မှာ တန်းမဆင်းရရေး ကြိုးစားနေရတဲ့လိဒ်အတွက် ဆန်းဒါးလန်းတို့ အိပ်မက်မက်ခွင့်ပေးမှာမဟုတ်ပါဘူး။ ဆန်းဒါးလန်းရဲ့ လက်ရှိအနေအထားအရ လိဒ်ကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် အစ်ဆွစ်ချ်**

ဆောက်သမ်တန်ကို အစ်ဆွစ်ချ်တို့က သရေကစားနိုင်တဲ့ခြေစွမ်းရှိနေပါတယ်။ ဆောက်သမ်တန်ဟာအသင်းငယ်တွေနဲ့တွေ့ရင် နိုင်ပွဲရအောင်ကစားနိုင်တာမို့ အခုပွဲမှာ အစ်ဆွစ်ချ်တို့ခက်ခဲပါလိမ့်မယ်။ အင်အားပြည့်ကစားလာမယ့် ဆောက်သမ်တန်ကိုပဲ ယုံကြည်မှုပေးရမှာပါ။



## မန်ယူအသင်း အဝေးကွင်းမှာ သရေတစ်မှတ်ယူ

နှစ်သစ်ရဲ့ အစောဆုံးပွဲဖြစ်သည့် ပရီမီယာလိဂ် ပွဲစဉ်(၂၀) စတုတ်စီးတီးနှင့် မန်ယူတို့ ဇန်နဝါရီ ၁ ရက် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အိမ်ရှင်စတုတ်အသင်းသည် ပွဲစပြီး ၂မိနစ်တွင် ပီတာခရော့ချ်၏ ဖန်တီးမှုမှ တစ်ဆင့် ရျောခရော့စ်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မန်ယူအသင်း သည် ချေပဂိုးရရှိရန် ပြန်လည်ဖိကစားခဲ့ရာ ပွဲချိန် ၂၆မိနစ်တွင် မိုက်ကယ် ကာရစ်ဖန်တီးပေးသောဘောလုံးကို တိုက်စစ်မှူး ဖယ်လ်ကာအိုက သွင်းယူ ခဲ့သည်။ ပထမပိုင်းတစ်ဂိုးစီရလဒ်မှာ ပွဲပြီးချိန်ထိ ထပ်မံပြောင်းလဲမှု မရှိခဲ့ပေ။ မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုများခဲ့သော်လည်း အိမ်ရှင် စတုတ်အသင်းက ဂိုးသွင်းခွင့်အသာစီးရခဲ့သည်။ မန်ယူအသင်းသည် သရေတစ်မှတ်ရရှိကာ ၁၀ပွဲဆက်တိုက် ရှုံးပွဲမရှိဘဲ ရမှတ် ၃၇ မှတ်ဖြင့် အဆင့်သုံး၌ ဆက်လက်ရပ်တည် နေသည်။ စတုတ်အသင်းမှာ ရမှတ် ၂၆ မှတ်ရရှိထားသည်။ ဇန်နဝါရီ ၁၁ ရက်တွင် မန်ယူအိမ်ကွင်း၌ ဆောက်သမ်တန်အသင်းကို ဧည့်ခံကစားရမည်ဖြစ်သည်။

**သီဟ**

# ရာသီကုန်အထိ လမ်းပတ်ကို မန်စီးတီးခေါ်ယူ




မန်စီးတီးအသင်းက ကွင်းလယ်ကစားသမား လမ်းပတ်အား ရာသီကုန်အထိ အငှားစာချုပ်တိုးချဲ့လိုက်ပြီဖြစ်သည်။ နယူးယောက်စီးတီးမှ မန်စီးတီးသို့ အငှားချထားသော အသက် ၃၆ နှစ်အရွယ် ကွင်းလယ်ကစားသမား လမ်းပတ်အနေဖြင့် ဒီဇင်ဘာ ၃၁ ရက်တွင် အငှားချထားမှု စာချုပ်သက်တမ်းကုန်ဆုံးခဲ့သော်လည်း နွေရာသီတိုင်အောင် မန်စီးတီး၌ ဆက်ရှိနေလိမ့်မည်ဟု ဆိုသည်။ ချယ်လ်ဆီးကစားသမားဟောင်း လမ်းပတ်သည် ယခုနှစ် ရာသီတွင် မန်စီးတီးအတွက် ၁၇ ပွဲ ဝင်ကစားခဲ့ရာ ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

## အာဆင်နယ်ထက် ဆောက်သမ်တန်အသာရမည်ဆို

ဆောက်သမ်တန်အသင်းအနေဖြင့် ရာသီကုန်လျှင် အာဆင်နယ်အထက်တွင်ရှိပြီး လာမည့်ရာသီချန်ပီယံလိဂ်ဝင်ခွင့်ရရှိလိမ့်မည်ဟု ယုံကြည်မိကြောင်း ဆောက်သမ်တန်နည်းပြ ရော်နယ်ကိုးမန်းက ပြောကြားလိုက်သည်။ ဆောက်သမ်တန်အသင်းသည် ပရီမီယာလိဂ်တွင် ဂိုးကွာခြားချက်အရ အာဆင်နယ်အထက် စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိသည်။ ဆောက်သမ်တန်အသင်းအနေဖြင့် ရာသီကုန်လျှင် အာဆင်နယ်အသင်းအထက် ရောက်ရှိနိုင်ကြောင်း နည်းပြက ဆိုသည်။ "ကျွန်တော့်အနေနဲ့ ထိပ်တန်းတစ်နေရာရောက်ဖို့ ယုံကြည်ထားပါတယ်"ဟု နည်းပြကိုးမန်းက ဆိုသည်။ ဆောက်သမ်တန်အသင်းသည် ပြီးခဲ့သည့် နွေရာသီကာလအတွင်း အဒမ်လယ်လာနား၊ လုပ်ရှောနှင့် ဒေဂျင်လော်ရင်တို့ အပါအဝင် ကစားသမား ၉၇ ဒသမ ၆ သန်းဖိုး ရောင်းချခဲ့သော်လည်း တောင့်တင်းခိုင်မာသည့်အသင်းအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်။**







### မွန်ပြည်နယ်၊ သထုံခရိုင်
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ကြောင်း ကြေညာအသိပေးအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက်** - ၁-၁-၂၀၁၅ရက် (ကြာသပတေးနေ့)
**နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့။
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့)
(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်နေ့ရက်** - ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့)
**အချိန်** နံနက် ၁၁း၀၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်-မော်လမြိုင်မြို့။

အသေးစိတ်အချက်အလက်များကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့၊ ဖုန်း-၀၅၇-၄၀၀၄၆တွင် (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၄၀၀၄၆**

### ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သချာင်္မိသားစု (၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ )ပထမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သချာင်္ဌာနခွဲတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ်ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို၂၀၁၅ခုနှစ် ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၀၀နာရီတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး/ဆရာမကြီး (၁၂)ဦးအတွက် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို အောက်ဖော်ပြပါဖုန်းနံပါတ်များနှင့် ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

ဦးအောင်မျိုးသူ ဖုန်း-၀၉-၅၀၆၁၃၀၁
ဦးသက်ထွန်းနိုင် ဖုန်း-၀၉-၈၆၄၀၇၈၀
ဦးအောင်ကို ဖုန်း-၀၉-၄၂၀၀၅၈၂၈၂
ဦးမိုးဝင်းထွေး ဖုန်း-၀၉-၄၃၁၆၁၂၈၂
ဦးသစ်ဆန်းဝင်း ဖုန်း-၀၉-၂၅၀၁၅၈၅၅၂

ကားအကြိုအပို့အစီအစဉ်ရှိပါသဖြင့်နံနက် ၉း၀၀နာရီမှ ၁၀း၀၀နာရီ အထိ
(၁) တညင်းကုန်းလမ်းဆုံ
(၂) ရိုးကြီးရိုးလေးအဝိုင်းသို့ လာရောက်ပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

အခုလိုနိုင်ငံတကာနဲ့ ချိတ်ဆက်မိတဲ့အချိန်မှာ…
မြန်မာလူငယ်တွေ…ဘဝမှာ အောင်မြင်ဖို့…
…လုပ်ငန်းခွင်မှာ ထိပ်ဆုံးရောက်ဖို့…
…အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်ကောင်းဖြစ်ဖို့…

### ဒေါက်တာအောင်မျိုးရဲ့ "အောင်မြင်စေတဲ့အဆောင်"

ဖြန့်ချိရေး ထွက်ပြီ
မျိုးဆက်သစ်စာပေ
အမှတ်(၃၄)၊ လေးလွှာ(ယာ)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၃၆၈၈

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊ မြေကွက်အမှတ် ၂၀၉၊ မြေကွက်ရရှိထားသူ ဒေါ်သန်းသန်းဌေး V/RGN -001193မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၅၇၊ မြေကွက်အမှတ်၁၆၈၊ မြေအမည်ပေါက် ဦးသန်းရွှေ ၇/အဖန(နိုင်)၀၉၁၀၇၆မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုးမြို့၊ ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းတွင် ကွန်ကရစ်လမ်း၊ အဆင့်မြင့်တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၄)ထပ်လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)ခန်းဖွဲ့ နှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း ပါဝင်သည့် တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၊ အငြိမ်းစားများ (အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာ တစ်စောင်လျှင် ၂၀၀၀ိ/- (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ ရက်မှ ၃၁-၁-၂၀၁၅ ရက်အထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း)
**လျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၃၁-၁-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
**လျှောက်လွှာ နောက်ဆုံး တင်ရမည့်ရက်** - ၃၁-၃-၂၀၁၅ ရက် (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
**လျှောက်လွှာရောင်းချမည့်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့

### တစ်ချက်တည်းကျင်းဝင်

ဦးစိုးလှိုင်(ခ)ဦးကွေ့ (ဥက္ကဋ္ဌ၊ Taunggyi Gem Master Co.,Ltd.) သည် ၂၇-၁၂-၂၀၁၄ရက် အောင်ပန်းမြို့၊ ပင်မှီ Golf Club ကျင်းအမှတ်(၂)၌ Homa PWတုတ်ဖြင့် Srixon(3)ဂေါက်သီးရိုက်ကစားခဲ့ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ပါသည်။

ဦးစိုးလှိုင်(ခ)ဦးကွေ့နှင့်အတူ ဦးဝင်းကြိုင်၊ ဦးခင်မောင်၊ ဦးဝင်းမင်းဦး၊ ဦးမြင့်ဟန်တို့ တွဲဖက်ကစားခဲ့ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ သစ္စာလမ်းရှိ ဦးရင်ကိုင်းဝူ+ဦးရင်ကိုင်းဝိန် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အခြမ်းခွဲစိတ်မြေကွက်အမှတ် (၂၄၇/၄၅၀)၊ ဦးပိုင်အမှတ်(၁၉၈-က)၊ ဧရိယာ ၀ ဒသမ ၀၇၄၈ဧကအား ကျွန်မ ဒေါ်အဲမန်း အမည်ဖြင့် ခွဲစိတ်အမည်ပြောင်းမြေငှားဂရန်ပြုလုပ်မည်ဖြစ်ရာ ဖော်ပြပါနှစ်ဦး အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် (၃၆၆/၅၂-၅၃)ဂရန်မူရင်း ပျောက်ဆုံးနေပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍၁၀ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်အဲမန်း ၁၃/တကန(နိုင်)၀၂၇၃၈၇**
**ဖုန်း-၀၉-၂၅၄၄၃၅၄၇၃**

ကြော်ငြာ


ရာဝတီဘဏ်
AYA Bank
စိတ်ချယုံကြည်ဧရာဝတီ

ဧရာဝတီဘဏ် ၏ဘဏ်ခွဲပေါင်း (၁၀၀) ကို
မြန်မာနိုင်ငံအနှံ့တွင် ၂၀၁၄ ခုနှစ်အတွင်း
အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍
အထွေထွေဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့်
မြန်မာနိုင်ငံသားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏
အကျိုးစီးပွားကိုရှေးရှု၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း
လေးစားစွာဖြင့်အသိပေးအပ်ပါသည်။

အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့်
မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁ ၃၇၀၅၀၀, ဖက်(စ်)၊ ၀၁ ၃၇၀၅၀၁
www.ayabank.com
www.facebook.com/ayabank

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဘိုကလေးမြစ်ကူးတံတားဖွင့်

**ဘိုကလေး ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့ရှိ ဘိုကလေးမြစ်ကူးတံတား (ဘိုကလေး-သာပေါင်း)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်တို့ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ဦးအေးမြင့်မောင်၊ တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တံတားအထိမ်းအမှတ်ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ NGOများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၅၀၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ဘိုကလေး မြစ်ကူးတံတား ဖွင့်လှစ်နိုင်ခြင်းကြောင့် ဘိုကလေးမြို့နယ်အတွင်းရှိ ပင်လယ်ပိုင်းဒေသကျေးရွာများသို့ ကားလမ်းဖြင့် ဘိုကလေးမြို့မှတစ်ဆင့် လွယ်ကူစွာ သွားလာနိုင်မည် ဖြစ်သည်။ ဘိုကလေးမြစ်ကူးတံတား၏ ပင်မတံတားအရှည်မှာ ၂၁၀၆ ဒသမ ၄ ပေ၊ ချဉ်းကပ်တံတားအရှည်စုစုပေါင်း ၄၀၀၅ ဒသမ ၂၁ ပေ၊ ချဉ်းကပ်လမ်းအရှည် စုစုပေါင်း ၁၉၀၀ ပေ၊ ကားလမ်း အကျယ် ၂၈ ပေ၊ ဘေးတစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေစီ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၀၀၊ ရေလမ်းကင်းလွတ် အမြင့် ၃၆ ပေဖြစ်သည်။ တံတားဆောက်လုပ်ရေးစီမံကိန်းကို ၁-၇-၂၀၁၀ နေ့မှစတင်ခဲ့ပြီး ၂၇-၁၂-၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **အောင်မင်း(ဘိုကလေး)**

# တာချီလိတ်မြို့၌ မီးလောင်မှုဖြစ်ပွား

**တာချီလိတ် ဇန်နဝါရီ ၁**

၁၀ ရက်တာ ကာလအတွင်း သုံးကြိမ်မြောက် မီးလောင်မှုတစ်ရပ် တာချီလိတ်မြို့၌ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျံဝန်ထမ်းအိမ်ရာ တိုက် (၁၇) အခန်း(၉)နေဒေါ်ချိုနွေဦးသည် ဂက်စ်မီးဖိုဖြင့် ထမင်းဟင်းချက်ပြုတ်နေစဉ် ၎င်း၏ တစ်နှစ်ခွဲခန့်ရှိ ရင်သွေးငယ်သည် ရုတ်တရက် ကျန်းမာရေးချို့ယွင်းသည့်အတွက် စိုးရိမ်စိတ်ဖြင့် ကလေးငယ်ကို ဆေးခန်းသို့သွားရောက်ကုသရာ ထိုအချိန်တွင် ဂက်စ်မီးဖိုကိုပိတ်ရန်မေ့ခဲ့၍ ဂက်စ်မီး ဖိုမှ အပူရှိန်မြင့်မားလာပြီး မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်ဦးဆောင်သည့် သန္နွေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် စုပေါင်းငြိမ်းသတ်ကြရာ အခြားလူနေအိမ်များသို့ ကူးစက်မှုမရှိဘဲ နံနက် ၁၀ နာရီ မိနစ် ၅၀ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တာချီလိတ် မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



# ကွန်ပျူတာနှင့် ရုံးလုပ်ငန်း အခြေခံသင်တန်းဖွင့်

**ပြည် ဇန်နဝါရီ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသော ကွန်ပျူတာနှင့်ရုံးလုပ်ငန်း အခြေခံသင်တန်းကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး သင်တန်းခန်းမ၌ ကျင်းသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သက်ချိုဦးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# တောင်သူများအား လယ်ယာသုံးကျွဲများပေးအပ်ပြီး ကာကွယ်ဆေးများ ထိုးနှံပေး



**သီပေါ ဇန်နဝါရီ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကူညီထောက်ပံ့သော ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ယမ်းကျေးရွာအုပ်စုနှင့် ကုန်းသာကျေးရွာအုပ်စုတို့မှ စိုက်ပျိုးရန် လယ်ယာမြေရှိသော်လည်း လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ နွား ကိုယ်ပိုင်မရှိသူ ခုနစ်ဦး၊ ဆင်ပိုင်းကျေးရွာမိုင်းလင်းနှင့် နောင်အန်ကျေးရွာတို့မှ တောင်သူလယ်သမား ခြောက်ဦးတို့ အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ခိုင်းကျွဲများကို အခမဲ့ကူညီပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာအုပ်စုမှ ဒေသခံ တောင်သူများ၏ လယ်ယာလုပ်ငန်း ခွင်သုံးကျွဲများနှင့် ဖော်ပြပါ ကျေးရွာများမှ ကျွဲများကို သီပေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာနေလင်းစိုးနှင့် အဖွဲ့က ရာသီအလိုက်ဖြစ်ပေါ်တတ်သော ကျွဲ၊ နွားလည်ချောင်းကွဲရောဂါကာကွယ်ဆေးများကို ဒီဇင်ဘာ ၂၉ ရက်က ထိုးနှံပေးခဲ့သည်။ **စိုင်း(သီပေါ)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၈၅၆၁၊ Honda C90, Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းချို ၉/မကန(နိုင်)၀၀၂၅၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၂၁၆၁၄၊ SHA-YAN 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကုလား ၉/ပသက(နိုင်)၀၄၈၆၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ချိပ်ပိတ်တင်ဒါ (၄/၂၀၁၄)

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဝတ္တကမြေအတွင်းရှိ ဈေးရုံဟောင်းမြေနေရာပေါ်တွင် အလျား ၁၄၀'×အနံ ၈၀'ဧရိယာအတွင်း တစ်ထပ်ဘုရားဈေးရုံသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် တင်ဒါစည်းကမ်းပုံစံများကို ၁-၁-၂၀၁၅ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါ တင်သွင်းရာ၌ အဆိုပြုပုံစံအပြည့်အစုံနှင့် ကုန်ကျစရိတ်(ပစ္စည်းဖိုး-လက်ခ)ပါသည့်ပုံစံကို ၁၅-၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထားတင်သွင်းရမည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ချိပ်ပိတ်တင်ဒါရွေးချယ်ရေးကော်မတီရုံးတည်ရှိရာ ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ချိပ်ပိတ်တင်ဒါရွေးချယ်ရေးကော်မတီ**
**ဂေါပကအဖွဲ့ရုံး**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၈၄၀၁ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမြိုင် ၉/မနတ(နိုင်)၀၈၆၂၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၁၁၂၅ Sumbo Star 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွမ်ဟွမ် ၁၃/ရခန(နိုင်)၀၆၄၀၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၆၉၇၁၁၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယော်လုံ ၁/မကန(နိုင်)၁၇၁၇၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၆၄၅၉ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအောင် ၉/မနမ(နိုင်)၀၄၈၉၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ပေါင်းနားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (J-၃၊ သီတပ်) ဦးပိုင်အမှတ် ၁၀၀၊ ဧရိယာ ၀ ဒသမ ၂၁၈ ဧကရှိမြေကို မြေငှားဂရန်အသစ်ရရှိရန် ဦးအေးဟန်ချို(ခ)ဦးကောက်ရ ၈/စလန(နိုင်)၀၀၈၂၉၂ က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးအေးဟန်ချို(ခ)ဦးကောက်ရသို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စလင်းမြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6928 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၅၀၇၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ် ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ် (၁၇၈၉) ဒေါ်ခင်မမ ၉/ပမန(နိုင်)၀၂၃၅၅၁ က ပိုင်ဆိုင်သောမြေကွက် ယာယီစလစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဘေးပတ်ဝန်းကျင်ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်များနှင့်အတူ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်ကြောင်းအထောက်အထား၊ တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၈-၁-၂၀၁၅ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ



# ကျေးရွာချင်းဆက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်

**ငါ့သရောက် ဇန်နဝါရီ ၁**

ကျေးလက်နေ ပြည်သူများ၏ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှာ အဓိက လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ ကျေးရွာချင်းဆက်လမ်းများကို မြေသားလမ်းအဆင့်မှ ကျောက်ချောမြေနီလမ်းများ အဆင့်မြှင့်တင်ပေးခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်းနှင့် လမ်းသစ်များတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အနက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ ဂျမ်းလှီး- ငါ့သရောက်သွားလမ်းကိုလည်းမြေသားလမ်းအဆင့်မှ ကျောက်ချောမြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဂျမ်းလှီး- ငါ့သရောက် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှုကို ညောင်ဦးမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် (Hi -Tech) ကုမ္ပဏီကို လွှဲပြောင်းပေးခဲ့ကြောင်းသိရပြီး ဒီဇင်ဘာ ၁၂ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဂျမ်းလှီး-ငါ့သရောက် ကျေးရွာချင်း ဆက်လမ်း အရှည်ပေ ၃၀၀၀ခန့်ကို လမ်းအကျယ် ၂၅ ပေတွင် ကျောက်ချောမြေနီလမ်းခင်းခြင်း အကျယ် ၁၈ ပေဖြစ်ကြောင်း၊ လမ်းဘေး(ဝဲ၊ယာ)တစ်ဖက်စီတွင် နှစ်ပေ အကျယ်၊ နှစ်ပေ အနက်ရှိသည့် ရေနုတ်မြောင်းများကိုလည်း လမ်းပျက်စီးမှု လျော့နည်းသက်သာစေရန် ထည့်သွင်း ဆောင်ရွက်ထားကြောင်း (Hi-Tech)ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ဂျမ်းလှီး- ငါ့သရောက် ကျေးရွာချင်းဆက်လမ်း ပြီးစီးသွားပါက ဂျမ်းလှီး၊ မျက်ခါးတော၊ ဗြူကြီး၊ စက်စက် ယိုတောင်တော၊ ဖလန်ကန်၊ ကူတော၊ မြေနဲကျေးရွာနှင့် ရွာပုလဲ ကျေးရွာများမှ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(iprd)**

# နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး

**အမရပူရ ဇန်နဝါရီ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန e-file management system ဖြင့် မိုးပွင့်အဆင့်(၇) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ One Stop Service ကွင်းဆင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းနှင့် ကတ်ပြားပေးအပ်ပွဲအခမ်းအနားကို မန္တလေးခရိုင် အမရပူရမြို့နယ် မန်ကျည်းကိုင်းကျေးရွာအုပ်စု မန်ကျည်းကိုင်းရွာ မြတ်ဒါနဓမ္မာရုံ၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ရွှေပေါက်ပင်နှင့် မန်ကျည်းကိုင်းကျေးရွာတို့မှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။**(ယာပုံ)** **တင်မောင်(မန္တလေး)**



## သတင်းတိုများ

# စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ပုသိမ်ကြီးမြို့ မေတ္တာစံအိမ်ခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်ည ၇ နာရီက ကျင်းပသည်။

စာဆိုတော်နေ့ အစီအစဉ်အရ ပုသိမ်ကြီးမြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဆွေက မြန်မာနိုင်ငံစာရေးဆရာအသင်း သဝဏ်လွှာကိုလည်းကောင်း၊ စာရေးဆရာအသင်းအဖွဲ့ဝင် သိန်းသိန်းဝင်း (မလှိုင်)က စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ဟောပြောပွဲ ဆက်လက်ကျင်းပရာ စာရေးဆရာ လယ်တွင်းသား စောချစ်က အောင်စိတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အကြည်တော်က လမ်းနှစ်သွယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ သန်လျင် မောင်မောင်ဦးက ရယ်စရာမောစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်းသိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် လူထုကျန်းမာရေးလုပ်သား သင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက ကွမ်းလုံပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ကြကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖျာပုံမြို့၌ စာပေဟောပြောပွဲကျင်းပမည်

ဖျာပုံမြို့ ရွှေညီအစ်ကိုများအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၂) ကြိမ်မြောက် အမေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ၁၃၇၆ ခု၊ ပြာသိုလပြည့်နေ့၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် ည ၆ နာရီတွင် ဖျာပုံမြို့ ပထမလမ်း စည်ပင်သာယာရုံးရှေ့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာမ သန်းမြင့်အောင်၊ ကာတွန်းဆရာ ဝင်းအောင်နှင့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဗေလုဝတို့က ဟောပြောကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့တက်ရောက်နားထောင်နိုင်ပါကြောင်းနှင့် အဆိုပါအခမ်းအနားတွင် ကျင်းပရေးကော်မတီမှ အမေနေ့အထိမ်းအမှတ်အကျႌနှင့် လွယ်အိတ်တို့ အမှတ်တရရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အောင်သာကျေးရွာ၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ရောင်နီဦး စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူးသန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် တရားမဝင် မော်တော်ဆိုင်ကယ်များကို သတ်မှတ်နှုန်းထားအတိုင်းကောက်ခံပြီး မှတ်ပုံတင်များ ပြုလုပ်ပေးနေသည်များကို အသေးစိတ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၂၂၂၃၉ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးမြင့် ၉/သစန(နိုင်)၀၄၁၂၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

**ကသာမြို့ (ယခင် ဦးဘိုနီကျောင်း) အထက(ခွဲ)၊ အလက(၂) နှစ် (၇၀)ပြည့်အထိမ်းအမှတ်ပွဲနှင့် ဆရာပူဇော်ပွဲ**

အထက်ပါကျင်းပပွဲကို ၂၀၁၅ခုနှစ် အောက်တိုဘာလ (၃၀-၃၁)ရက်များတွင် ကျင်းပမည်ဖြစ်ပါ၍ အဝေးရောက် ဆရာကြီး ဆရာမကြီးများအားလုံး ကျေးဇူးပြု၍ ဆက်သွယ်အပူဇော်ခံယူကြပါရန်နှင့် ကျောင်းသား ကျောင်းသူအဟောင်း၊ အသစ်များအားလုံး အောက်ပါ (စီ/ဘီ-ဘဏ်)အကောင့် ၀၀၄၆၆၀၀၁၀၀၀၃၇၀၂၈ တွင် အလှူငွေထည့်ဝင် လှူဒါန်းနိုင်ပါသည်။

**ဦးတင်နေဝင်း**

**ဖုန်း-၀၉-၆၅၀၂၁၈၈၊ ၀၉-၄၄၄၀၂၁၉၈၈**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တောင်သာမြို့နယ်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၄**

| | | |
|---|---|---|
| ဒေါ်ဇင်မာနွယ် | **နှင့်** | ၁။ ဦးဝင်းစိုး |
| | | ၂။ ဦးမင်းညို |
| | | ၃။ ဒေါ်ဌေး |
| | | ၄။ ဦးထွန်းကြည် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ မီးပေါက်ကျေးရွာအုပ်စု၊ သာပေါင်းကြီးကျေးရွာ၊ (၁)တရားပြိုင် ဦးဝင်းစိုး (ဘ)ဦးထွန်းကြည် (ယခုနေရပ်လိပ်စာမသိ) နေထိုင်သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဇင်မာနွယ်က ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးငွေ သိန်း ၁၀၀ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသော အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်နိုင်လတ်)**
**မြို့နယ်တရားသူကြီး**
**တောင်သာမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၁၃၁၄၅ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/မရက(နိုင်)၀၀၆၀၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**

# အများသိစေရန်အသိပေးကြေညာခြင်း

ထီးချိုင့်မြို့၊ အမှတ် (၃)ရပ်ကွက်နေ ဦးနေဝင်း၏သား ကျွန်တော်မောင်စိုးညီညီဝင်း ၅/ထခန (နိုင်)၀၀၀၆၃၇ နှင့် ထီးချိုင့်မြို့၊ အမှတ်(၅)၊ ကြက်သွန်ခင်း ရပ်ကွက်နေ ဦးမောင်စိန်၏သမီး မနွေဦးညံတို့သည် ၂၅-၁၁-၂၀၁၄ ရက်တွင် အမှတ် (၄)ရပ်ကွက်၊ ထီးချိုင့်မြို့၊ အုပ်ချုပ်ရေးရုံးတွင် အမှတ် (၃)၊ အမှတ်(၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးများရှေ့၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် ကျွန်တော်မောင်စိုးညီညီဝင်းနှင့် မည်သို့မျှပတ်သက်ခြင်းမရှိတော့ပါကြောင်းနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြုအမူအပြောအဆိုပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**မောင်စိုးညီညီဝင်း**

**ကန့်ကွက်နိုင်ပါကြောင်း**

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ဝါသုတိုးချဲ့ရပ်ကွက်၊ အကွက်အမှတ် (၁၉/ဆ၊ ဝါသု)၊ မြေကွက်အမှတ် ၆၆၊ ချထားနံပါတ်(၂၆၂)၊ ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိ မြေကွက်အား ဦးစိုးအမည်ဖြင့် DORP. No ၁၇၈/၁၉၉၂-၉၃ အရ (၆-၂-၁၉၉၅)မှ ၅-၂-၂၀၂၅ ထိ နှစ်၃၀ဂရန် ရရှိထားပြီး မြေကွက်ဖြစ်ပါသည်။ ၎င်းဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်၊ အုပ်စုအုပ်ချုပ်ရေးမှူး၏ထောက်ခံချက် အမှတ်(၃) ရဲစခန်းတို့၏ ထောက်ခံချက်များနှင့်အတူ မြေငှားဂရန်မိတ္တူလျှောက်ထားလာပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**


**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၁၂-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၈) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၃) ဦးကိုကိုထန်(ခ)ဦးကိုကို၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဦးကိုကိုထန်(ခ)ဦးကိုကို+၂ ၁၂/ကမရ(နိုင်)၀၃၃၁၆၅ဟု ဖတ်ရှုပါရန်။

# ကျိုင်းတုံ၌ အဆင့်မြင့်ဓာတ်ပုံရိုက်ကူးနည်း သင်တန်းပို့ချ

**ကျိုင်းတုံ ဇန်နဝါရီ ၁**

ရန်ကုန်မြို့ ဓာတ်ပုံပွဲတော်ဖြစ်မြောက်ရေးအဖွဲ့က စီစဉ်သည့် အဆင့်မြင့် Photo essay ရိုက်ကူးနည်းသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၇ ရက်ထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မာလ်တေဆာ အင်တာနေရှင်နယ်ခန်းမ၌ကျင်းပခဲ့ရာ သင်တန်းသို့ ပြင်သစ်နိုင်ငံ Artistic Director Mr. Christophe Loving နှင့်အဖွဲ့၊ ရန်ကုန်မြို့ Photographer & Trainer ဦးပြေကျော်မြင့်၊ မေကိုနိုင်၊ ကျိုင်းတုံ၊ မိုင်းလားနှင့် တာချီလိတ်မှ ဓာတ်ပုံဝါသနာရှင်များ တက်ရောက်သည်။



အဆိုပါ သင်တန်းတွင် Mr. Christophe Loving က သင်တန်းပို့ချခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်မြို့ Photographer & Trainer ဦးပြေကျော်မြင့်နှင့် မေကိုနိုင်တို့က Photo essay ရိုက်နည်းနှင့် အယူအဆများကို ကဏ္ဍအလိုက်ပို့ချခဲ့သည်။ ဆက်လက်၍ သင်ကြားထားသော ဘာသာရပ်များကို အဖွဲ့လိုက်ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး သင်တန်းသားများက မိမိတို့ကြိုက်နှစ်သက်သည့် ခေါင်းစဉ်ဖြင့် လက်တွေ့အောက်ဒိုးထွက်ရိုက်ခြင်းများပြုလုပ်၍ ထိုသို့ဓာတ်ပုံရိုက်ကူးထားသည့် အတွေ့အကြုံများကို သင်တန်းဆရာများက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ကာ သင်တန်းသားများ၏ ဓာတ်ပုံ Photo essay များကို ရွေးချယ်သွားမည်ဖြစ်သည်။

သင်တန်းသားများ၏ ဓာတ်ပုံများ၊ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံဝါသနာရှင်များ၊ ဓာတ်ပုံဆရာများ၊ နိုင်ငံတကာမှ ဓာတ်ပုံဝါသနာရှင်များ၊ ဓာတ်ပုံဆရာများ၏ Photo essay အကောင်းဆုံး ၁၅ ပုဒ်ကို နှစ်စဉ်ကျင်းပသည့် Yangon Photo Festival (၇) ကြိမ်မြောက်ပွဲတော်၌ ဖေဖော်ဝါရီ ၂၁ ရက် ညတွင် ပြသ၍အကဲဖြတ်အဖွဲ့မှ ရွေးချယ်ဆုပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို Canon ကင်မရာနှင့် ပြင်သစ်နိုင်ငံတွင် ၁၄ ရက် ဓာတ်ပုံပညာသင်တန်း၊ လေးလ ဓာတ်ပုံပညာသင်တန်းများသို့ တက်ရောက်သင်ကြားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ပြည်တွင်းသတင်းနှင့် ကျော်ငြာ

## လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

(၆၇)နှစ်ကြိမ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပလျက်ရှိသော ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်(ဘောလုံး)ပြိုင်ပွဲ၊ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်မှစတင်၍ ဇန်နဝါရီ ၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပလျက်ရှိသော ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံသို့လည်းကောင်း၊ ဖူဆယ်(ဘောလုံး)လေ့ကျင့်ရေးရုံသို့လည်းကောင်း၊ လွန်ဆွဲပြိုင်ပွဲကျင်းပလျက်ရှိသော ဘောလုံးလေ့ကျင့်ရေးအမှတ်(၃)ကွင်းသို့လည်းကောင်း၊ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁**

(၆၇) နှစ်မြောက် လွတ်လပ်ရေး နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် မြို့နယ်အတွင်း တက္ကသိုလ် ငါးခုနှင့် ကောလိပ်နှစ်ခုတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ စောပြုံးနိုင်၊ မြို့မိ မြို့ဖ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မျိုးဝင်း**

## ဆရာဝန်တစ်ဦး ဒဏ်ရာများဖြင့် သေဆုံး

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ဒီဇင်ဘာ ၂၉ ရက် နံနက်က ဆရာဝန်တစ်ဦးသေဆုံးနေကြောင်း သိရသည်။ ဖြစ်စဉ်မှာ သာကေတမြို့မရဲစခန်းမှ စခန်းမှူးနှင့် တာဝန်ရှိသူများ သတင်းအရ သွားရောက်ကြည့်ရှုရာ သေဆုံးသူမှာ ဒေါက်တာကြည်ဝင်း ၅၈ နှစ် အမှတ် ၇၁(က) ဇင်္ဂမလမ်း (၂)မြောက်ရပ်ကွက် သာကေတမြို့နယ် နေသူဖြစ်ပြီး ဒဏ်ရာများ ရရှိပြီး သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် သာကေတမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားရှိကြောင်း၊ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

## လျှပ်စစ်လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ စစ်တွေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြောက်ဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်မှူးရုံးနှင့် ကျောက်တော်မြို့နယ်၊ ကျောက်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့ရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၃၀ အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (၂/၂၀၁၄)ကို ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ခန်းမ၌ ဒီဇင်ဘာ ၂၅ရက် နံနက် ၇နာရီက သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရအောင်ဘိုက အမှာစကားပြောကြားပြီး လျှပ်စစ်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် လက်ရှိလုပ်ငန်းနှင့် ရှေ့သို့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၁၅၇)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း တားမြစ်အသိပေးယာဉ်လမ်းညွှန်များ စိုက်ထူ

**ဘုရင့်နောင်ပွဲရုံဝင်းအတွင်း မော်တော်ဆိုင်ကယ်စီးနင်းမှု ခွင့်မပြုခြင်း၊ ယာဉ်အသွားနှုန်း ငါးမိုင်သတ်မှတ်ခြင်း၊ ဟွန်းတီးခွင့်မပြုခြင်းတို့ကို စတင်တားမြစ်**

**ရန်ကုန် ဇန်နဝါရီ ၁**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၏ ယာဉ်ဝင်ထွက်ပေါက်များတွင် ပွဲရုံဝင်းအတွင်း မော်တော်ဆိုင်ကယ်မစီးရ၊ ငါးမိုင်အထက်မပိုရ၊ ဟွန်းမတီးရ တားမြစ်အသိပေးသည့် ယာဉ်လမ်းညွှန်များ စိုက်ထူထားသည်ကို ဒီဇင်ဘာ ၂၆ ရက်က မြင်တွေ့လာရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းသို့ အလုပ်လာရောက်လုပ်ကိုင်သူ လှိုင်သာယာမြို့နယ်နေသူ ကိုကျော်နိုင်က ဆိုသည်။

မော်တော်ဆိုင်ကယ်များပွဲရုံဝင်းအတွင်း လမ်းများပေါ်တွင် စီးနင်းနေခြင်းများ စစ်ဆေးတွေ့ရှိပါက ပွဲရုံဝင်း၏လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး အစည်းအဝေးမှတ်တမ်း ၉/၂၀၁၄ ဆုံးဖြတ်ချက်အရ မည်သည့်ဆိုင်ကယ်ကိုမဆို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဖမ်းဆီး သိမ်းယူမည်ဖြစ်ကြောင်း ကြိုတင်အသိပေးစာများကို ပွဲရုံဝင်းအတွင်း ပွဲရုံလုပ်ငန်းရှင်များထံ ဒီဇင်ဘာ ၁၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ဝေငှပြီးဖြစ်ရာ ၁၀ ရက်အကြာတွင် အများပြည်သူသိရှိရန် တားမြစ်အသိပေးစာတန်းများ မြင်တွေ့လာရသည်ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တရားဝင် မော်တော်ဆိုင်ကယ် စီးနင်းခွင့်ကို လုပ်ငန်းလိုအပ်ချက်အရ ဌာနဆိုင်ရာ အချို့ကို အရေးအတွက်အနည်းငယ် ခွင့်ပြုထားခြင်းမှလွဲ၍ ခွင့်ပြုထားခြင်း မရှိကြောင်း၊ ယခုကဲ့သို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဓိကကျသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း မော်တော်ဆိုင်ကယ်စီးနင်းမှုခွင့်မပြုခြင်း၊ ယာဉ်အသွားနှုန်းငါးမိုင်သတ်မှတ်ခြင်း၊ ဟွန်းတီးခွင့်မပြုခြင်းတို့ကို စတင်တားမြစ်အကောင်အထည်ဖော်လာပြီဖြစ်ကြောင်း သိရသည်။ **ခင်ဆိုင်**


**တနင်္သာရီတိုင်းဒေသကြီး**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**တင်ဒါဖွင့်လှစ်ရက်ကြော်ငြာခြင်း**

၁-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂-၁၂-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာပါ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဒုတိယအကြိမ်ဆောင်ရွက်မည့်လုပ်ငန်းများ တင်ဒါဖွင့်လှစ်ပွဲကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

**တင်ဒါဖွင့်လှစ်မည့်ရက်** - ၆-၁-၂၀၁၅ ရက် (အင်္ဂါနေ့)
**တင်ဒါဖွင့်လှစ်မည့်အချိန်** - ၀၉:၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - မြို့တော်ခန်းမ၊ ထားဝယ်မြို့
**တင်ဒါတင်သွင်းသူများ** - ၀၇:၃၀ နာရီ သတင်းပို့ပါရန်

**တင်ဒါခေါ်ယူရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)ရှိ (Assembly Hall) ခန်းမ မျက်နှာကြက်များ (အလျား 72'×အနံ 50') ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါများပေးသွင်းရန် ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၁-၂၀၁၅ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)**
**ဖုန်း-၀၉-၅၂၅၁၅၅၁၊ ၀၉-၃၆၁၆၉၁၆၉၊ ၀၈၄-၂၂၄၈၇**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၅ ရက် ညနေ ၄:၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့၊**
**၆၂လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၂-၈၀၃၉၁၊ ၀၂-၈၀၃၄၀**

**ပြင်ဆင်ဖတ်ရှုပါရန်**

၈-၁၀-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၇)ကန့်ကွက်ကြော်ငြာအမှတ်စဉ် (၁၀)ဒေါ်သန္တာအေး၏ မြေပုံကူးတွင် လျှောက်ထားသူ ဒေါ်သန္တာအေးအစား ဦးအတည်(ခ)ဦးခင်မောင်ထွန်း ၁၂/ဥကတ(နိုင်)၀၃၂၉၇၄ ဟု ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၈-၁၁-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာကဏ္ဍတွင် ပါဝင်သော ကန့်ကွက်ကြော်ငြာအမှတ်စဉ် (၂) ဦးအုန်းရွှေ၏အမည်ပြောင်းတွင် လျှောက်ထားသူ ဦးအုန်းရွှေအစား ဒေါ်ဝင်းမြိုင် ၁၂/သဃက(နိုင်)၁၀၂၆၈၀ ဟု ဖတ်ရှုပါရန်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ Seed Processing Plant (မျိုးစေ့သန့်စင်စက်) (၃)လုံး ဝယ်ယူလိုပါသည်။ အသေးစိတ်စုံစမ်းလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၆၂၀၇၊ ၀၇၁-၂၂၈၀၁ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ လျှောက်လွှာများကို စိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၁-၂၀၁၅ရက်မှ ၁၅-၁-၂၀၁၅ရက်အထိ
**တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက်** - ၁၆-၁-၂၀၁၅ရက် ၁၆:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၀-၁-၂၀၁၅ ရက်

**တိုင်းစိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့**

**အောင်သုခလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်**
**အပ်ငွေနှင့် အသင်းသားစုဆောင်းငွေများ ပြန်လည်ထုတ်ပေးခြင်း**

မြောင်မြို့နယ် ဆူးလေကုန်းကျေးရွာ အောင်သုခလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်အနေဖြင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၄-၂-၂၀၁၂ ရက်စွဲပါ စာရင်းရှင်းအမိန့်အမှတ်(၁၂၁)အရ အသင်းအား စာရင်းရှင်းဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ပါ၍ မြောင်မြို့နယ် စာရင်းရှင်းတာဝန်ခံအရာရှိအနေဖြင့် အပြီးသတ်စာရင်းရှင်းလင်းဆောင်ရွက်နိုင်ရေးအတွက် လက်ရှိတောင်းခံရရှိမှုအပေါ်မူတည်၍ အသင်းအပ်ငွေများ အသင်းသားများ၏ စုဆောင်းငွေများပေးသွင်းထားရှိမှုအပေါ် အချိုးကျပြန်လည်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ၁၅-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ စာရင်းရှင်းတာဝန်ခံအရာရှိထံတွင် လာရောက်ထုတ်ယူကြရန် အကြောင်းကြားအပ်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပ်ငွေများ စုဆောင်းငွေများအား ဆက်လက်ထုတ်ပေးခြင်း ပြုလုပ်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စာရင်းရှင်းတာဝန်ခံအရာရှိ**
**မြို့နယ်သမဝါယမဦးစီးဌာန၊ မြောင်မြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဓမင်းဆိပ်ရေတံခါး အောင်မြင်စွာတည်ဆောက်ပြီးစီး ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုများမှ လျော့ပါးသက်သာစေနိုင်မည်ဖြစ်

**သပြေထွန်း**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ဇင်းဘောင်ကျွန်းပတ်တာသည် စပါးသီးနှံအဓိက စိုက်ပျိုးသောဒေသဖြစ်ပြီး အရှေ့ဘက်တွင် ဖျာပုံမြစ်၊ အနောက်ဘက်တွင် ဘုရားကြီးရိုးတာ၊ ငါးကြီးရိုးတာ၊ တောင်ဘက်တွင် လက်ပန်ပင်ကျွန်း၊ မြောက်ဘက်တွင် ဓမင်းဆိပ်ချောင်းများနှင့် ထိစပ်လျက်ရှိကြောင်းသိရသည်။ ဇင်းဘောင်ကျွန်းပတ်တာအတွင်း နေထိုင်သူများသည် စိုက်ပျိုးရေး အဓိကလုပ်ကိုင်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းပါတွဲဖက်လုပ်ကိုင်နေထိုင်ကြသည်။ တာတမံအလျား ၁၅ မိုင်ရှည်သော ဇင်းဘောင် ကျွန်းပတ်တာကို ရေထုတ်အဆောက်အအုံ လေးလုံးဖြင့် စပါး(၁) စီမံကိန်းမှ ၁၉၈၃ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် တောင်သူဦးကြီးများ၏ စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ မိုးစပါးအောင်ရေရရှိရေးနှင့် နွေရာသီပင်လယ်ဒီရေ(ရေငန်) မဝင်ရောက်စေရေးသည် အရေးပါသောအချက်တစ်ခုဖြစ်ပြီး ယခုအခါ အဆိုပါကျွန်းပတ်တာအတွင်း လွန်ခဲ့သောနှစ်များအတွင်းက ထူးကဲဒီရေမြင့်တက်မှုနှင့် ထူးကဲမိုးရွာသွန်းမှုများကြောင့် ကျွန်းအတွင်းရှိရေပိုရေလျှံများ ထုတ်နုတ်ပစ်ရာတွင် လက်ရှိရေထုတ်အဆောက်အအုံ လေးလုံးမှ စီးဝင်သည့်အပြင် ချောင်းမကြီးများ တိမ်ကောလာပြီး နိုင်နင်းမျှတစွာ အချိန်မီ ထုတ်မပေးနိုင်သဖြင့် ဒေသခံများက အကြိမ်ကြိမ်လာရောက် တင်ပြတောင်းဆိုခဲ့မှုတို့အပေါ် ဌာနမှ လုပ်ငန်းလိုအပ်ချက်အရ ထိုဒေသတွင် ဓမင်းဆိပ်ရေတံခါးတည်ဆောက်ခွင့်ရရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ဓမင်းဆိပ်ရေတံခါး တည်ဆောက်ပြီးစီးပြီဖြစ်၍ တင်ပုလွဲကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စု သုံးအုပ်စုရှိ စိုက်ဧက ၂၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ ကျွန်းပတ်တာအပြင်ဘက်ရှိဇင်းဘောင်ချောင်းနှင့် ကျုံကန်(အနောက်)ချောင်းများ တိမ်ကောလာသဖြင့် ရေပိုထုတ်လွှတ်မှုနှောင့်နှေးကြန့်ကြာရသည့်အတွက် ဓမင်းဆိပ်ရေတံခါးကို ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းအဖြစ် အချိန်နှင့်တစ်ပြေးညီတည်ဆောက်ရခြင်းဖြစ်ကြောင်း ဦးဇော်ဇော်(လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

"အဓိက ဦးတည်ချက်ကတော့ ဒေသဖွံ့ဖြိုးရေး ဦးစားပေးပေါ့။ နောက်တစ်ချက်ကတော့ ပြောင်းလဲလာတဲ့ဒေသန္တရသဘာဝဖြစ်စဉ်တွေ၊ တစ်နှစ်ထက်တစ်နှစ်ဆိုးရွားလာတဲ့ ရာသီဥတုဖြစ်စဉ်တွေ၊ တိမ်ကောလာတဲ့မြစ်၊ ချောင်းတွေစတဲ့အချိုးမညီတဲ့ ဂေဟဗေဒစနစ်(Eco-System)တွေရဲ့ အခြေအနေအရ တည်ဆောက်ပေးရတာလည်း ပါတာပေါ့။ ဒီရေတံခါးကို အရွယ်အစား (၄×၄)ပေ လေးပေါက်၊ Sill Level {RL(-2)} ထားရှိပြီး Discharge(63) ft3/sec နဲ့အသေအချာ Design လုပ်ပြီး တည်ဆောက်ပေးထားတာပါ။ ဒီရေတံခါး အခုတည်ဆောက်ပြီးစီးသွားပြီဖြစ်တဲ့အတွက် ဒီဇင်းဘောင်ကျွန်းပတ်တာအတွင်းမှာရှိတဲ့ စိုက်ဧက ၂၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုနဲ့ ရေငန်ဝင်ရောက်မှုကနေ ကာကွယ်ပေးသွားနိုင်မှာပါ" ဟု ရေတံခါး တည်ဆောက်ရေးနှင့် ဇင်းဘောင်ကျွန်းပတ်တာ ထိန်းသိမ်းရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဦး၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ဒေသရဲ့ အဓိကဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်သက်ဆိုင်ရာကနေ အခုလို လိုအပ်တဲ့နေရာတွေမှာရေတံခါးတွေ၊ ချောင်းတွေ၊ မြောင်းတွေလာရောက်တည်ဆောက်တူးဖော်ပေးတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲမှုလျှော့ချရေးကိုလည်း အထောက်အကူပေးရာရောက်တာပေါ့။ အလွန်ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်"ဟု တင်ပုလွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

"အခုလို ဓမင်းဆိပ်ရေတံခါး တည်ဆောက်ပေးတဲ့အတွက် လာမယ့် မိုးရာသီမှာရေကြီးနစ်မြုပ်မှုဘေးက လျော့နည်းသက်သာပြီး ဒေသဝမ်းစာစပါးအထွက်နှုန်း ယခင်ကထက်ပိုလာနိုင်လိမ့်မယ်လို့ ယုံကြည်တယ်ဗျာ။ စပါးတင်မက အခြားသီးပင်စားပင်နဲ့ သားငါးကဏ္ဍ၊ သွားလာဆက်သွယ်ရေးနဲ့ ဒေသစိမ်းလန်းစိုပြည်ရေးကဏ္ဍတွေ အတွက်ပါ အထောက်အကူပြုမှာသေချာတယ်" ဟု လယ်သမားကြီး ဦးလှဌေးက ပြောကြားသည်။ ။

## အလယ်ကျွန်းကျေးရွာ ကားလမ်းမကြီး စုပေါင်းပြုပြင်

**အင်းတော် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာနှင့် သူရောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကားလမ်းမကြီးကို ဒီဇင်ဘာ ၃၀ ရက်က စုပေါင်းပြုပြင်ခဲ့ကြောင်း သိရသည်။

"ဒီကျေးရွာချင်းဆက် ကားလမ်းမကြီးဟာ ကျွန်တော်တို့ ကျေးရွာအတွက် အရေးပါတဲ့လမ်းမကြီးပါ။ ဒီလမ်းမကြီးကနေတစ်ဆင့် အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ်ကနေ ပင်လယ်ဘူးမြို့နယ်အထိ သွားလာလို့ရပါတယ်။ ကျွန်တော်တို့ဒေသခံတောင်သူတွေဟာ လယ်ယာလုပ်ငန်းသိမ်းပြီးတဲ့အချိန်မှာ ထော်လာဂျီတွေ၊ နွားလှည်းတွေနဲ့ စပါးနဲ့ အခြား လယ်ယာထွက်ကုန်ပစ္စည်းတွေကို ဒီလမ်းမကြီးကနေပဲ သယ်ယူပို့ဆောင်ရပါတယ်။ လမ်းက မြေသားလမ်းဆိုတော့ မိုးရာသီရောက်ရင် လမ်းကပျက်စီးတာမို့ ကျွန်တော်တို့ရွာခံတွေ နှစ်စဉ်နှစ်တိုင်း ပြုပြင်နေကြရတာပါ။ နောက်နှစ်တွေမှာ မြေသားလမ်းကနေ ကျောက်ချောလမ်းမအဖြစ် အဆင့်မြှင့်တင်နိုင်အောင် ကြိုးစားနေပါတယ်" ဟု ကျေးရွာချင်းဆက်ကားလမ်းမကြီး စုပေါင်းပြုပြင်ရာတွင် ပါဝင်သည့် အလယ်ကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းက ပြောသည်။

ကျေးရွာချင်းဆက် ကားလမ်းမကြီးကို အလယ်ကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံ ၁၀၀ ကျော်တို့က ပြင်ဆင်နေကြခြင်းဖြစ်ပြီး သူရောင်းကျေးရွာနှင့် အလယ်ကျွန်းကျေးရွာအကြား ရှစ်မိုင်ခန့်အတွင်းရှိ ပျက်စီးနေသည့် လမ်းပိုင်းများနှင့် လမ်းဘေးဝဲယာ၌ ပေါက်ရောက်လျက်ရှိသော ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မိုးတွင်းကာလက ပျက်စီးယိုယွင်းခဲ့သည့် လမ်းပိုင်းများကို လမ်းအကျယ် ၁၂ ပေခန့်အထိ ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ **နီတိုး(မော်လူး)**

**အိမ်၊ ခြံရောင်းမည်**
(ပေ ၉၀× ပေ ၆၀)
နှစ်ထပ်တိုက်သစ်
မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၂)
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
**ဖုန်း-၀၉-၇၉၇၃၁၁၂၄၂၊**
**၀၉-၇၉၈၇၄၆၇၈၀**

**ကန့်ကွက်နိုင်ပါကြောင်း**
ယာဉ်အမှတ် ၁၄ယ/၉၂၆၁၃၊ ယာဉ်အမျိုးအစား၊ ဇင်စတားဒရင်း၊ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၁၃/တကန(နိုင်) ၁၂၀၄၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တောင်ကြီး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေမှ ခွင့်ပြုချက်ရရှိခဲ့သော အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။
(က) လဲချားမြို့၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးအဆောက်အအုံပြုပြင်ခြင်း၊
(ခ) လဲချားမြို့၊ ဝမ်မိုင်ဆုံကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံပြုပြင်ခြင်း၊
(ဂ) လဲချားမြို့၊ ဝမ်ပန်ကျေးလက်ကျန်းမာရေးဌာန (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း
(ဃ) လဲချားမြို့၊ ဆုံခွမ်ကျေးလက်ကျန်းမာရေးဌာနခွဲ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း
(င) လဲချားမြို့၊ မတ်လန်းကျေးလက်ကျန်းမာရေးဌာနခွဲ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း
(စ) လဲချားမြို့၊ ဆုံခွမ်ကျေးလက်ကျန်းမာရေးဌာနခွဲ (၂)ခန်းတွဲ ရေလောင်းအိမ်သာဆောက်လုပ်ခြင်း
(ဆ) လဲချားမြို့၊ မတ်လန်းကျေးလက်ကျန်းမာရေးဌာနခွဲ (၂)ခန်းတွဲ ရေလောင်းအိမ်သာဆောက်လုပ်ခြင်း၊
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လဲချားမြို့**

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများကို လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
(က) ဒေသဦးစီးအဖွဲ့အလုပ်အမှုဆောင်အိမ်ရာ
(၁) Ground Tank (12'x12'x10')=1 Nos & Tube Well=1 Nos
(၂) Fancing (160'x6')=2 Nos & (120'x6')=2 Nos
(၃) R.C Culvert (15'x10')=2 Nos & ကားအဝင်အထွက်လမ်း (250'x15')= 1 Nos
(၄) Car Parking (12'x15'x12')= 6 Nos
(ခ) ဒေသဦးစီးအဖွဲ့ရုံး
(၁) VIP ဧည့်ခန်းပြန်လည်ပြုပြင်ခြင်း
(၂) VIP သန့်စင်ခန်းဆောက်လုပ်ခြင်း
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁-၂၀၁၅ ရက်မှ ၁၄-၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၃-၁-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၆၆၀၇၀၊ ၀၈၁-၆၆၀၆၀၊ ၀၈၁-၆၆၀၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ဖခင် အမည်မှန်**
ပခုက္ကူမြို့၊ မြစ်ခြေကျေးရွာ၊ မြို့မရပ်နေ ဦးတင်မြင့် ၈/ပခက(နိုင်) ၀၆၄၄၈၈ ၏ ဖခင်အမည်မှန်မှာ ဦးစိန်(ခ)ဦးကွန်း ဖြစ်ပါကြောင်း။
**ဦးစိန်(ခ)ဦးကွန်း**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲ(မန္တလေး)၊ မြေဧရိယာ ၁ဒသမ ၀၀ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း (l) Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသောအချက်များကို ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ ချမ်းမြသာစည်မြို့နယ် ဖုန်း-၀၁-၅၉၀၂၇၊ ၀၂-၅၉၀၂၈၊ ၀၉-၉၁၀၂၆၈၀၅၊ ၀၉-၅၃၆၆၁၈၆၊ ၀၉-၈၃၀၂၅၀၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**ကုန်းလမ်းပို့ဆောင်ရေး**

**ကန့်ကွက်နိုင်ပါကြောင်း**
ကျောက်ဆည်မြို့၊ ဖောင်ရွာအုပ်စု၊ ဖောင်ရွာရပ်ကွက် အကွက်အမှတ်(၂၄) ဦးပိုင်အမှတ်(၈၂)အစိတ်အပိုင်းမှ ဧရိယာ ၀ဒသမ ၁၅၈ အနက်မှ ၀ဒသမ ၀၄၇ဧက ဦးပိုင်အမှတ် ၉၅အစိတ်အပိုင်း ဧရိယာ ၀ဒသမ ၀၄၆ဧကအနက်မှ ၀ဒသမ ၀၃၅ဧက စုစုပေါင်း ၀ဒသမ ၀၈၂ဧကရှိ နေအိမ်ပိုင်းမြေကွက်သည် ဦးသိန်းထွန်း ၉/ကဆန(နိုင်)၀၀၈၉၇၇မှာ လွန်ခဲ့သောနှစ်ပေါင်း၅၀ခန့်က နေထိုင်ပိုင်ဆိုင်ခဲ့သည်မှာ ယနေ့ထိဖြစ်ပါသည်။ သို့ပါ၍ ၎င်းနေအိမ်ပိုင်းမြေနှင့်ပတ်သက်ပြီး မြေဂရန်ရရှိရေးအတွက် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသောစာရွက်စာတမ်း သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာထုတ်ပြန်သည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးသိန်းထွန်း**
**၉/ကဆန(နိုင်)၀၀၈၉၇၇**
**ဖောင်ရွာရပ်၊ ကျောက်ဆည်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လွတ်လပ်ရေးနေ့အကြိုဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကလေးမြို့၌ကျင်းပ

**ကလေး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်ကလပ်အသင်းများ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၃၀ ရက်က မြို့နယ် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ စက်မှုဇုန်ကလပ်အသင်းက စံလှကလပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

အနိုင်ရဗိုလ်စွဲသွားသော စက်မှုဇုန်ကလပ်အသင်းအတွက် တံခွန်စိုက်ဖလားဒိုင်းဆုကြီးကို ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက ပေးအပ်ချီးမြှင့်ပြီး ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုနှင့် ဂိုးအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆုများကို ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ရာ မြို့ပေါ်ကလပ်အသင်းများဖြစ်သည့် စံလှကလပ်အသင်း၊ စက်မှုဇုန်ကလပ်အသင်း၊ ဖူဆိုဖိုက်တာအသင်း၊ အောင်မြေကာလေးအသင်း၊ ကြယ်စင်စုအသင်းနှင့် တော်ဝင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သျှင်နေမင်း**



# ကိုယ့်အားကိုယ်ကိုး ကျေးလက်လမ်းပြုပြင်ဖောက်လုပ်

**ရေတာရှည် ဇန်နဝါရီ ၁**

ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ရန်ပုံငွေများစုဆောင်းပြီး အလှူငွေများကြိုးပမ်းရှာဖွေကာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာ၌ ဒီဇင်ဘာ ၂၉ ရက်ကစတင်ကာ ကိုယ့်အားကိုယ်ကိုးလမ်း စုပေါင်းပြုပြင်ဖောက်လုပ်လျက်ရှိသည်။

"ဆွာမြို့နဲ့နီးနေပါလျက်နဲ့ မြောက်ဘက်မှာ ချောင်းခံနေတော့ ရေနီးရွာဘက်ကနေ တစ်မိုင်ခွဲလောက်ခရီးကို ပတ်ပြီးသွားနေရတာ နေထိုင်မကောင်းရင်တောင် မိုးရာသီဆိုရင် လူနာကို ပုခက်နဲ့ထမ်းပြီး ဆေးရုံပို့နေရတော့ ကျွန်တော်တို့ ရွာသူ ရွာသားတွေအားလုံး စုပေါင်းပြီး လမ်းတွေပြင်တာပါ"ဟု တံတားကြီးကျေးရွာဒေသခံ တစ်ဦးက ပြောပြသည်။

ဆွာမြို့သို့ ရထားလမ်းအတိုင်းသွားရာတွင် ၁၀ မိနစ်ခန့်သာ လမ်းလျှောက်သွားနိုင်သော်လည်း မြောက်ဘက်၌ ဆွာချောင်း၊ တောင်ဘက်တွင် ရေလွှတ်မြောင်းနှင့် အနောက်ဘက်တွင် ရထားလမ်းရှိနေခြင်းကြောင့် သွားလာရေး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေကြောင်း ဒေသခံရွာသားများက ပြောပြသည်။ အလားတူပင် ဆွာချောင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား(ရေနီး)နှင့် ချိတ်ဆက်ကာ ကညင်အိုင်၊ အေးသာယာ၊ တံတားကြီးကျေးရွာများမှာ မိုးရာသီဆိုလျှင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိသည့်အတွက် ကျေးရွာအလိုက် ကိုယ့်အားကိုယ်ကိုးစုပေါင်း၍ လမ်းများပြုပြင်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဘားအံမြို့၌ ကရင်စာပေဆရာဖြစ် ရက်တိုသင်တန်းဆင်းပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ်အတွင်း ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအတွက် ရည်ရွယ်၍ဖွင့်လှစ်သော ကရင်စာပေဆရာဖြစ် ရက်တိုသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေး ဥက္ကဋ္ဌက ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ပံ့ပိုးငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးဥက္ကဋ္ဌထံ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀၃ ဦး တက်ရောက်ခဲ့ကြသည်။

**နေမျိုးလွင်**



# အထက(၂) ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်လျက်ရှိ

**ရေး ဇန်နဝါရီ ၁**

ကျောင်းဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် ရေးမြို့နယ်ရှိ အောင်မင်္ဂလာရပ်ကွက်ရှိ အထက(၂)ကျောင်း၌ အလျား ပေ ၁၂၀၊ အနံပေ ၃၀ ရှိ တစ်ထပ်သွပ်မိုးကွန်ကရစ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၈ သန်း အကုန်အကျခံ၍ သမိန်ဗရမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး လုပ်ငန်းကာလကို ဒီဇင်ဘာ ၄ ရက်မှ ၂၀၁၅ မတ် ၁၅ ရက်အတွင်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**


မြစ်ခြေနယ်အသင်း(ရန်ကုန်)

## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

(၂၀၁၅ခုနှစ်)

မြစ်ခြေနယ်အသင်း(ရန်ကုန်)၏ (တတိယအကြိမ်)နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ မြစ်ခြေနယ်သူနယ်သားအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (အသက် ၇၅ နှစ်အထက် ဘိုးဘွားစာရင်းနှင့် ၂၀၁၄ခုနှစ် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများစာရင်းကို အမှုဆောင်များထံ စာရင်းပေးသွင်းကြပါရန်။)

**ကျင်းပမည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂:၀၀နာရီ
**ကျင်းပမည့်နေရာ** - ဓမ္မပါလ(မြစ်ခြေ)ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ် (ခြောက်ထပ်ကြီးမှတ်တိုင်)
**အကျွေးအမွေး** - မြစ်ခြေမုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံပါမည်။

(သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုအတွက် အလှူငွေများကို နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)

**အမှုဆောင်အဖွဲ့**

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၁၆၅၄၈၀၊ ၀၉-၄၃၁၆၀၈၉၉၊ ၀၉-၅၀၇၀၅၁၁၊ ၀၉-၂၅၄၄၈၉၉၈၀၊ ၀၉-၄၅၀၀၅၂၆၈၆၊ ၀၉-၇၃၀၁၂၀၆၇၊ ၀၉-၇၃၁၈၃၁၂၁၊ ၀၉-၇၃၁၄၁၇၃၄၊ ၀၉-၄၂၁၁၅၆၁၈၃

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၄၃၁၂)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက ဦးအုန်းငွေ အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၃၇/၂၀၁၄)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးအောင်ကျော်ညွန့် ၁၃/ဗတထ(နိုင်)၀၀၄၂၈၆ (ဘ) ဦးစောမြထွန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၃-၁-၂၀၁၅ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၀၁၊ ကွင်းအမည် ညောင်တစ်ပင်ကွင်းပေါ်၊ ဦးပိုင်အမှတ် ၆၃/၇ရှိ ဦးအေးသွယ် ၁၀/မလမ(နိုင်)၀၂၃၀၅၅ အမည်ပေါက် လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူဟု ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်ယာမြေအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက လယ်ယာမြေအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်**
**အမှတ် ၄၈၁/ဘီ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ကွင်းအမှတ် ၅၀၁၊ ကွင်းအမည် ညောင်တစ်ပင်ကွင်းပေါ်၊ ဦးပိုင်အမှတ် ၆၃/၄ရှိ ဦးလှဝင်း ၁၂/မဂဒ(နိုင်)၁၂၅၁၁၀ အမည်ပေါက်သော လယ်ယာမြေအား ဦးသိန်းဝင်း ၁၂/မဂဒ(နိုင်)၁၂၀၆၅၇နှင့် ဒေါ်အေးအေးမော် ၁၂/မဂဒ(နိုင်)၁၁၈၆၁၁မှ အထက်ပါဦးပိုင်အမှတ် ၆၃/၄ ပေါ်ရှိမြေနှင့် ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူဟု ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်ယာမြေ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်ရက်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက လယ်ယာမြေအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်**
**အမှတ် ၄၈၁/ဘီ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖခင်အမည်မှန်**

ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ ပြင်သာယာကျေးရွာနေ မောင်ခွန်ဆန်းကြည်၏ ဖခင်အမည်မှန်မှာ ဦးခွန်ချွန် ဖြစ်ပါကြောင်း။

**ဦးခွန်ချွန်**

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

## နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားခြင်း

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၁:၀၀နာရီအထိ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ "သီရိရတနာခန်းမ"၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသက်(၈၀)နှင့်အထက် အသင်းဝင်နှင့် မိဘ/ဘိုးဘွားများ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး/ဘွဲ့တံဆိပ်ရရှိသူများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D)ရရှိသူများနှင့် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသူများ၊ ဘက်စုံပညာထူးချွန်ဆုနှင့် အထက်တန်း/အလယ်တန်း ပညာသင်ဆုရရှိသူများသည် တရားဝင်အထောက်အထားများနှင့်အတူ ဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးတင့်ဆန်း ဖုန်း-၀၉-၅၀၁၈၂၅၅၊ စာရင်းစစ် ဦးမြင့်သန်း ဖုန်း-၀၉-၅၁၂၇၇၃၀၊ အသင်းတိုက်ရုံး ဖုန်း-၀၁-၂၂၂၀၈၈ လပွတ္တာမြို့တွင် ဌာနေအမှုဆောင် ဦးအင်းကက်၊ ဦးမြတ်စိုးတို့ထံ ၁၂-၁-၂၀၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် လှူဒါန်းလိုသူ စေတနာရှင်များမှလည်း ဆက်သွယ်လှူဒါန်းကြပါရန်နှင့် အခမ်းအနားသို့ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့၊ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၄၃၁၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက ဒေါ်ကျင်ရီ အမည်ပေါက် နှစ်၃၀အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၅၉/၂၀၁၄)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးအောင်ကျော်ညွန့် ၁၃/ဗတထ(နိုင်)၀၀၄၂၈၆ (ဘ) ဦးစောမြထွန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၃-၁-၂၀၁၅ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လွတ်လပ်ရေးနေ့အကြို ဘာသာရပ်ပြပွဲနှင့် စျေးရောင်းပွဲတော်ကျင်းပ



**ကလေး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးတက္ကသိုလ်တွင် ပညာသင်နှစ်ဖွင့်ပွဲအဖြစ် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ဘာသာရပ်ပြပွဲနှင့် စျေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြပွဲနှင့် စျေးရောင်းပွဲတော်ကို တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသန်းဝင်းနှင့် ကမ္ဘောဇကလေးဘဏ်ခွဲမှ မန်နေဂျာ ဒေါ်ဖူးဖူးဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တာဝန်ခံပါမောက္ခချုပ်က တက္ကသိုလ်အနေဖြင့် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ်ပွဲကို ယခုနှစ်တွင် ပထမဆုံးကျင်းပခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးတွေ့ဆုံပြီး ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးရှိရန်နှင့် မိမိတက္ကသိုလ်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသည့်စိတ်များ ပိုရှိလာရန်၊ ကျောင်းသားများအနေဖြင့် မိမိသင်ယူသည့်ဘာသာရပ်ကို ပို၍တတ်သိနားလည်စေရန်၊ အခြားဘာသာရပ်များကိုလည်း နားလည်လက်ခံသဘောပေါက်နိုင်စေရန် ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

တက္ကသိုလ်၏ ဘာသာရပ်အလိုက်ပြခန်းများကို ဘွဲ့နှင်းသဘင်ခန်းမအတွင်း ခင်းကျင်းပြသခဲ့သည်။ သင်ကြားရေးဌာန ၁၂ ခု၊ အဝေးသင်ဌာနနှင့် တက္ကသိုလ်စာကြည့်တိုက်တို့မှ ရှားပါးစာအုပ်များနှင့် နိုင်ငံကျော်စာရေးဆရာကြီးများ၏ ပုံများကိုလည်း ဝေဝေဆာဆာ ပြသခဲ့သည်။

ကလေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်မြောက်ပိုင်းရှိမြို့များမှ ကျောင်းသား ကျောင်းသူခြောက်ထောင်ကျော် လာရောက်ပညာသင်ယူနေသော တက္ကသိုလ်ဖြစ်ပြီး ပထမဆုံးအကြိမ် ကျင်းပသော အဆိုပါပွဲဖြစ်မြောက်ရေးအတွက် ကမ္ဘောဇဘဏ်နှင့် STI Myanmar University တို့က ကူညီပေးခဲ့ကြကြောင်း သိရသည်။

**သျှင်နေမင်း**

## အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသော အဖြူရောင်နှလုံးသားအဖွဲ့၏ နယ်လှည့်ဆေးကုသရေးအစီအစဉ်အရ တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၃၀ ရက်က အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနယ်လှည့်ဆေးကုသအဖွဲ့တွင် မြို့နယ်အဖြူရောင်နှလုံးသားအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့် အမှုဆောင်များက ကြီးကြပ်၍ ဒေါက်တာပြည့်စုံခန့်နှင့် ဆေးကုသရေးအဖွဲ့များက ကွမ်းခြံချောင်းကျေးရွာ သီရိနေခြည်ပရဟိတလူငယ်အဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် တန့်ငူ၊ ကွမ်းခြံချောင်း၊ အောင်လှိုင်နှင့် ရေလိမ်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၆ ဦးကို ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကြသည်။ အဖြူရောင်နှလုံးသား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများသို့လည်း ယခုနှစ် ပွင့်လင်းရာသီအတွင်း ကွင်းဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

## အလင်းရောင်အတွက် Gallery ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်မြို့ ရွှေတိဂုံစေတီ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံနှင့် အခြားအထင်ကရအဆောက်အအုံများ၊ နေပြည်တော်တွင် ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော်ရှိပြည်သူ့လွှတ်တော်နှင့် အခြားအဆောက်အအုံများ၊ လမ်းမီးများနှင့် ရေပန်းဥယျာဉ်အပါအဝင် အခြားနေရာအများအပြားတွင် Lighting လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် krislite ၏ Gallery ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ အမှတ် (၃) ကန်ဘဲ့လမ်း ရန်ကင်းမြို့နယ်ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့သည့် ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိအားကစားကွင်းများတွင် Lighting လုပ်ငန်းများ၊ ရေကူးအားကစားပြိုင်ပွဲကျင်းပခဲ့သည့် ရေကူးကန်လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။ တစ်ဖန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပွဲ၌လည်း Event Lighting ကို တာဝန်ယူဆောင်ရွက်ခဲ့သည့်



krislite သည် ယခုအခါတည်ထောင်သည့်နှစ် ၂၀ တိုင်ခဲ့ပြီဖြစ်ရာ Gallery များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ **(၀၃၃)**

# ၂၀၁၄ ခုနှစ် ဆောင်းစိုက်သီးနှံများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများထုတ်ပေးလျက်ရှိ

**ဖြူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားကြီးများ စိုက်ပျိုးခဲ့ကြသည့် ဆောင်းသီးနှံများအတွက် စိုက်ရေး၊ ပျိုးရေးတို့တွင် ငွေကြေးအခက်အခဲများ မရှိစေရေးအတွက် ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရန် ချေးငွေများကို ဒီဇင်ဘာ ၂၉ ရက်ကစတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်းသီးနှံစိုက်ပျိုးရေး စရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ဒီဇင်ဘာ ၂၉ ရက်တွင် ဖြူးမြို့နယ် လိပ်သေကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၁၇၉ ဦးကို ဆောင်းစိုက်သီးနှံ ၈၈၇ ဧကအတွက် တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၁၇၇ ဒသမ ၃၄ သိန်းကို လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် ဖြူးမြို့နယ် ကွင်းအနောက်အုပ်စုမှ တောင်သူလယ်သမားကြီး ၁၈၄ ဦးကို တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စိုက်ဧကပေါင်း ၁၂၈၇ ဧကအတွက် ချေးငွေကျပ် ၂၅၇ ဒသမ ၄ သိန်းနှင့် လယ်ပြင်ကြီးကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၁၇၇ ဦးတို့အတွက် တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဆောင်းသီးနှံ ၉၀၇ ဧကအတွက် ချေးငွေကျပ် ၁၈၁ ဒသမ ၄ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ရာ ၂၀၁၄ ခုနှစ် ဆောင်းစိုက်သီးနှံ ၈၁၃၅၄ ဧကအတွက် ချေးငွေကျပ် ၃၂၇၀ ဒသမ ၈ သိန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် တောင်ငူခရိုင် ခြောက်မြို့နယ်ဖြစ်သည့် ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ဇေယျာဝတီ စသည့် မြို့နယ်များထဲတွင် မိုးစပါး ၁၅၃၄၂၆ ဧကနှင့် ဆောင်းသီးနှံ မတ်ပဲ ၁၀၅၂၆၁ ဧကကို အများဆုံးစိုက်ပျိုးနိုင်ခဲ့သည့် မြို့နယ်ဖြစ်သည်။

**ဖြူး-မြင့်ဦး**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၁၃၇)၊ နဝရတ်လမ်း၊
စျေးကြိုရပ်နေ
ဦးထင်အောင်ကျော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်လှလှဦး
(သုခမိန်ဆေးလိပ်ဖြန့်ချိရေးနှင့် ချမ်းသာပွဲရုံ)
တို့၏ သားကြီး
ကိုပြည့်စုံဝင်း-မအိဖြိုးဖြိုးကျော်တို့၏မောင်
**မောင်စိုးတေဇ (BE-Electronics)**
**နှင့်**
မွန်ပြည်နယ်၊ သထုံမြို့၊ အမှတ်(၁၄၇)၊ သိမ်ကုန်းရပ်နေ
(ဦးမြင့်စိုးညွန့်)-ဒေါက်တာအေးအေးလှတို့၏ သမီးထွေး၊
ဗိုလ်ကြီးသောင်းထိုက်-ဒေါက်တာအေးမြင့်သွယ်၊
ဒေါက်တာငြိမ်းအေးသွယ်တို့၏ ညီမငယ်လေး
**မချိုမြင့်သွယ် (BE-Electronics)**

တို့သည် ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် သထုံမြို့၌ နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးတေဇ-မချိုမြင့်သွယ်**

**အမည်ပြောင်းခြင်း**

ဦးယောဟန်၏သမီး ၄/ဟခန(နိုင်)၀၂၆၈၆၆ ကိုင်ဆောင်ထားသူအား မမိုလီနာတီလ်လဲင်ဇီးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မမိုလီနာတီလ်လဲင်ဇီး**

## ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီး (လုံးတော်ပြည့်)ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ
## ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ စွပ်ဆတ်ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူအပ်သော ဉာဏ်တော်အမြင့်ပေ ၉၀ ရှိ ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးသည် ဒေသ၏သင်္ကေတသဖွယ် ထူးခြားပြီး ကြည်ညိုသပ္ပာယ်စွာ ဖူးမြင်ရမည်ဖြစ်ပါသည်။

ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၏ ရွှေသင်္ကန်းတော်မှာ ရာသီဥတုဒဏ်ကြောင့် ယခုအခါ ရွှေရောင်ဖျော့လာလျက်ရှိသည့်အတွက် ၁၃၇၆ခုနှစ် တပို့တွဲလမှစတင်၍ တပေါင်းလပြည့်တွင် အပြီးရွှေသင်္ကန်းတော်(လုံးတော်ပြည့်)ကပ်လှူရန် စီစဉ်လျက်ရှိပါသည်။

ရွှေသင်္ကန်း(လုံးတော်ပြည့်)ကပ်လှူပူဇော်ရန်အတွက် ငွေကျပ်(သိန်း၆၁၀)ကုန်ကျမည်ဖြစ်ပြီး ယခုအချိန်ထိ (၅၄သိန်း)ရရှိပြီး ထပ်မံ၍(၅၅၆သိန်း)လိုအပ်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ယခုလိုကြုံတောင့်ကြုံခဲအခါသမယတွင် ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက်၊ တစ်ဦးချင်းစီသော်လည်းကောင်း (၂လက်မ×၂လက်မ) ရွှေ(၁)ဆိုင်းလျှင် ကျပ်(၃၅၀၀၀ိ/)ဖြင့် သဒ္ဓါတရားထက်သန်စွာဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်ဌာနများ**

- ဦးနေဦး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၀၄၆၊ ၀၉-၅၂၅၁၅၉၇
- ဦးသိန်းဦး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၀၄၇၊ ၀၉-၅၂၅၂၉၁၂
- ဦးစံသိန်း ခရိုင်သာသနာရေးမှူး၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၉-၃၁၇၆၃၆၄၂
- ဦးစိုင်းလုံးဆိုင်လန် မြို့နယ်ဂေါပကအဖွဲ့၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၉-၅၂၅၀၁၆၂
- ဦးတင်မောင်အေး ဥက္ကဋ္ဌ၊ ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီးဂေါပကအဖွဲ့၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၃၇၃၅၊ ၀၉-၃၆၁၀၄၂၁၇

ကျိုင်းတုံကမ္ဘောဇဘဏ်ရှိ ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီး၊ ရွှေသင်္ကန်းအလှူတော်ငွေစာရင်းအမှတ် ၀၄၆၁၂၂၀၀၁၀၇၃၄ သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးကော်မတီ**
**ခေမရဋ္ဌဗျာဒိတ်တော်ပေး၊ ရပ်တော်မူဘုရားကြီး**
**ရွှေသင်္ကန်းကပ်လှူပူဇော်ရေးအဖွဲ့**

## ဒဂုံတက္ကသိုလ်စိတ်ပညာကျောင်းသားကျောင်းသူဟောင်းများ၏
## နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား

၁၉၉၄ မှ ၂၀၁၄ ပညာသင်နှစ် ဒဂုံတက္ကသိုလ် စိတ်ပညာကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ မှ ၁၁း၀၀ နာရီအထိ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်တက္ကသိုလ်များမဏ္ဍပ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန်**- ဒေါက်တာသန်းချိန်း(ဒဂုံတက္ကသိုလ်) ဖုန်း-၀၉-၄၉၂၇၄၇၂၄၊ ဦးဗိုလ်ဗိုလ်အောင် ဖုန်း-၀၉-၄၅၀၀၅၄၄၅၂၊ ဒေါ်အေးသီတာလွင် ဖုန်း-၀၉-၅၀၅၀၀၉၉၊ ၀၉-၃၁၆၁၇၇၇၇၊ ဦးအောင်ကိုကို ဖုန်း-၀၉-၄၉၃၂၆၉၃၅၊ ဒေါ်ဝင်းမင်းသန့်(ခ)မီးမီး ဖုန်း-၀၉-၅၁၀၇၀၈၂၊ ၀၁-၅၇၁၅၃၄၊ ဒေါက်တာဝင်းပပထွန်း(ဒဂုံတက္ကသိုလ်)ဖုန်း-၀၉-၄၂၀၀၈၁၃၃၆၊ ဒေါ်ပန်းအိဖြူ(ဒဂုံတက္ကသိုလ်) ဖုန်း-၀၉-၅၁၃၉၇၃၀၊ ဒေါ်ဝါဝါသင်း ဖုန်း-၀၉-၅၀၉၄၈၁၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၇၉၁၃၅၊ Hero Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၅/ငဇန(နိုင်)၀၆၄၃၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၂၅၀၂၀ Honda Phantom M/C ယာဉ်လက်ဝယ်ရှိသူ ဦးနန်းရအောင် ၁၂/ကတန(နိုင်)၀၈၄၂၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Video Conferencing System (Polycom)**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | - HDX 7000 Video Conferencing System<br>- HDX 7000-720: HDX 7000 HD codcc, EagleEye camera & 3m cable, HD Video (720p 30fps)<br>- HDX mic array, P+C, PPCIP, 2nd monitor, Eng rmt.Premier, One Year, HDX 7000 Series<br>- Cables: 2 component video (DVI-RCA), LAN, UK pwr, PAL<br>- HD Multi-party Conferencing up to 4 participants(1 local and 3 remote sites)<br>- HDX MPPlus Multipoint Software Option License. Allows for 4 site MP video calls. | (၁)စုံ |
| ၂ | - Samsung 48" LED TV Resolution 1920 × 1080. UA48H5100 (2014 Version)<br>- Video Conferencing Unit + Camera + TV Stand<br>- External TV Stand | (၂)လုံး<br>(၁)ခု<br>(၁)ခု |
| ၃ | - APC Smart- USP SUA 1500i, 230 with AVR Linc-interactive (For Camera and LED TV) | (၁)လုံး |
| ၄ | - Network Installation (for Video Conferencing System) | |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁-၂၀၁၅ရက်မှ ၁၂-၁-၂၀၁၅ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁)၊ နေပြည်တော်တွင်လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၁၅ရက် ၁၄း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၁၅၁၊ ၀၆၇-၄၀၇၀၂၁တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁)၊ နေပြည်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၉၂၃၉၊ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမြတ်ထွေး ၁၀/မလမ(နိုင်)၀၃၂၃၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**၂၅-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်အေးကျော့နု၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်းအပေါ်**

## အများသိစေရန် ဖြေရှင်းကြေညာခြင်း

၂၀၁၄ခုနှစ် (၂၀-၁၀-၂၀၁၄) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အင်ကြင်းလမ်း၊ အမှတ်(၈/၇၆) နေ ဦးမျိုးသန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသန်းထွန်း(စဉ်-၅၅၈၈)မှ ကုန်တံဆိပ်အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄/၁၀၄၆၆ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ်-၁၈၄၇၁ အရ တစ်ဦးတည်းမူပိုင် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

အဆိုပါ ကြေညာချက်အပေါ်တွင် ၂၀၁၄ ခုနှစ် (၂၅-၁၂-၂၀၁၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဒေါ်အေးကျော့နု၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်းအရ ဦးမျိုးသန်းဝင်း၏ ကုန်တံဆိပ်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ကန့်ကွက်ပြီး အများသိစေရန် ကြေညာခြင်းအပေါ်တွင် ဦးမျိုးသန်းဝင်းအနေဖြင့် ဒေါ်အေးကျော့နု၏ ကုန်တံဆိပ်အတိုင်း ထုတ်လုပ်ထားခြင်းမရှိသည့်အပြင် ထုတ်လုပ်သည့်ကုန်အမျိုးအစားလည်း တူညီခြင်းမရှိ ကွဲပြားခြားနားလျက်ရှိပြီး ဒေါ်အေးကျော့နု၏ ROLEX တံဆိပ်ပါ ထုတ်လုပ်သော အမျိုးအစားမတူညီသည့်အပြင် ဒေါ်အေးကျော့နုအနေဖြင့် ROLEX တံဆိပ် HAIR DRESSING အမည်ဖြင့် ခေါင်းလိမ်းဆီဘူးအဖြစ်သာ ထုတ်လုပ်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှစ၍ ၎င်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့ကြောင်း သိရှိရပါသည်။

ဦးမျိုးသန်းဝင်း၏ ကုန်အမှတ်တံဆိပ်မှာ ROLEX သံလွင်ခေါင်းလိမ်းဆီမွှေးအရည်ဘူးများကိုသာ ထုတ်လုပ်ခြင်းဖြစ်ပြီး ဒေါ်အေးကျော့နု ကြေညာသည့်အတိုင်း အတုပြုလုပ်ခြင်းမဟုတ်သည့်အပြင် သက်ဆိုင်ရာမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ပြီး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် အစ ၁၁ (၁၂၈၁၀)အရ မှတ်ပုံတင်ပြီး ၁၀-၁-၂၀၁၆ ရက်အထိ ထုတ်လုပ်ရန် တရားဝင်ရရှိထားပြီးဖြစ်ပါသည်။

ဦးမျိုးသန်းဝင်းမှာ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၆ ရက်စွဲဖြင့် စာချုပ်အမှတ် ၁၀၄၆၆ အရ တရားဝင်မှတ်ပုံတင်ပြီး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ် အစ ၁၁ (၁၂၈၁၀)အရ တရားဝင်ထုတ်လုပ်ခွင့်ရရှိပြီး ဒေါ်အေးကျော့နု၏ ROLEX HAIR DRESSING တံဆိပ်နှင့်တူညီခြင်းမရှိသည့်အပြင် အတုအပပြုလုပ်ခြင်းမဟုတ်ဘဲ ROLEX သံလွင်ခေါင်းလိမ်းဆီမွှေး အရည်ကိုသာ ထုတ်လုပ်ခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးသန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်လှသိန်း**
**တရားလွှတ်တော်ရှေ့နေ (၁၇၇၉/၇၉)**
**အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း(B-၃)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၆၅၁၀၄**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၄ရက် (စနေနေ့) နံနက် ၈း၃၀နာရီ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး Royal Garden Restaurant တွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ/သားများ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပေးစာများကို ၂၀-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပြီး၊ အသင်းဝင်သားသမီးများ ၂၀၁၅ ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာများကို ၂၈-၂-၂၀၁၅ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀နာရီစတင်ပါမည်။နံနက် ၉း၀၀နာရီ အကျွေးအမွေးဖြင့် ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

**အမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၉၆၇၂ ARRMAUINTHIT PU 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုးသန်း အားမန်သစ်ကုမ္ပဏီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်မြို့နယ်**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)နယ်မြေ၊ မင်းရပ်၊ စာတိုက်လမ်းနေ ဒေါ်ထားထားဦး ၉/ကပတ(နိုင်)၀၈၅၈၆၉ အား သွာနုတ္တသမီးအဖြစ် ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်နေ ဒေါ်ကျင်သောင်း ၉/ကပတ(နိုင်)၀၈၅၈၆၆ သည် ၂၉-၃-၂၀၁၁ရက်ထုတ် ကြေးမုံသတင်းစာတွင် ဒေါ်ထားထားဦးအား ကိတ္တိမမွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ထားထားဦးသည် အသက်အရွယ်ကြီးရင့်နေသူ မွေးစားမိခင်ကြီး၏ ဩဇာကိုမနာခံဘဲ မိခင်အား တော်လှန်ပြီးရန်သူသဖွယ် ပြုကျင့်ဆောင်ရွက်ခဲ့ပါသည်။ ဒေါ်ထားထားဦးသည် မွေးစားမိခင်အား ရိုင်းစိုင်းစွာပြုမူဆက်ဆံပြီး ခြိမ်းခြောက်ခြင်းများကို ကိုယ်တိုင်ပြုမူရုံသာမက အခြားသူများကိုစေလွှတ်၍ မွေးစားမိခင်အား ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပြုမူခဲ့ခြင်းများကြောင့် အသက်အရွယ်ကြီးရင့်သူ ဒေါ်ကျင်သောင်း(မွေးစားမိခင်)မှာ စိတ်ဆင်းရဲ ဒုက္ခရောက်ကာ ကျန်းမာရေးထိခိုက်ခဲ့ပါသည်။

ဒေါ်ထားထားဦးသည် မွေးစားမိခင်အား သမီးတစ်ယောက်နှင့် မလျော်ညီသော ပြုမူ၊ သမီးမပီသသောပြုမူကိုကျူးလွန်ပါသဖြင့် သွာနုတ္တသမီးဖြစ်ကြောင်း ဒေါ်ထားထားဦးနှင့် အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

**ဒေါ်ကျင်သောင်း၏ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမ B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၁/၂၅-၂-၇၆)**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဒ/၁၇ ရပ်ကွက်၊ ဓမ္မသီရိကျောင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (ဒ/၆၃)၊ မြေကွက်အမှတ် ၂၀၆၂/က၊ မြေကွက်အမှတ် ၂၀၆၂/ခ၊ မြေကွက် အကျယ်အဝန်း (၂၀ပေ×၆၀ပေ)၊ အထက်ဖော်ပြပါမြေကွက်(၂)ကွက်အား ဦးသန်းထွန်း ၁၄/မအပ(နိုင်)၀၆၂၇၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထွန်းကျော် ၁၂/အစန(နိုင်)၁၆၈၉၂၈ သည် ၎င်းမြေကွက်(၂)ကွက်အား ဝယ်ယူ၍ စရန်ငွေများပေးချေပြီး အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ထိုမြေကွက် (၂)ကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေရီထွန်း LL.B အထက်တန်းရှေ့နေ (စဉ်-၃၄၅၆၅)**
**ဖုန်း-၀၉-၅၀၇၇၉၇၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၀ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၉၆**

| | | |
|---|---|---|
| ဦးသူရမောင် | **နှင့်** | ၁။ မောင်ချစ်စု<br>၂။ မလုံး<br>၃။ ဦးမြင့်ဆွေ<br>၄။ ဒေါ်ငွေးမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ၊ ယုဇန(၂)လမ်း ၊ အမှတ် ၁၂နေ (၁)တရားပြိုင်မောင်ချစ်စု၊ (၂)တရားပြိုင် မလုံး(ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီခြားသက်သာခွင့်ဥပဒေပုဒ်မ ၁၂ အရ ၁၅-၁၀-၂၀၁၃ ရက်စွဲပါမြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား ပဋိညာဉ်အတိုင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချိုချိုဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၀ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မရမ်းကုန်းမြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

| | | |
|---|---|---|
| ဦးသန်းဝင်းအောင် | **နှင့်** | ဒေါ်အုန်းမြိုင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ် ၄လမ်း၊ အမှတ် ခ/၁၅၈ နေ ဒေါ်အုန်းမြိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၂ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြသိန်း)**
**မြို့နယ်တရားသူကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၁၆)၊ မြေကွက်တည်နေရာ(၁၁၁၆)၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဦးမောင်မောင်ဝင်း ၁၂/တကက(နိုင်)၀၁၇၉၇၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ဝင်းအပေါ် ဒေါ်ခင်စန်းရှင်မှ တရားလိုပြု၍ စွဲဆိုခဲ့သော ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅/၂၀၁၄၏ ၂-၅-၂၀၁၄ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၂၂/၂၀၁၄ ၏ နေ့စဉ်မှတ်တမ်းနှင့်ဘိလစ် ခန့်ထားကြောင်းစာတို့တင်ပြ၍ တရားရုံး(အမည်ပေါက်) ဦးမောင်မောင်ဝင်းကိုယ်စား ဘိလစ်ဒေါ်ရီရီလှ ၁၂/ဥကမ(နိုင်)၀၅၅၂၉၈ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဦးဆန်းလွင်ထွန်း ၉/မထလ(နိုင်)၁၇၉၂၄၉၊ ဦးအောင်ကိုလတ် ၉/မနမ(နိုင်)၁၁၉၃၀၈နှင့်**
**ဦးကြည်တိုး ၉/မနမ(နိုင်)၁၁၉၂၂၂ တို့နှင့်**

## အများသိစေရန် ကြေညာချက်

ဦးဆန်းလွင်ထွန်းနှင့် ဦးအောင်ကိုလတ်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၁၈)နေ ၁၂/မရက(နိုင်)၁၅၆၉၈၂ ကိုင်ဆောင်သူ ဦးထင်လင်းပိုင် အံစာတုံးကားအမှတ် (1H/8524) ကားကို ရောင်းချပြီးနောက် ရောင်းကြေးငွေအား ကျွန်ုပ်၏မိတ်ဆွေကို ပေးချေခြင်းမရှိဘဲ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇ နှင့် ၇၈လမ်းကြား၊ လမ်း (၃၀)တွင် ဖွင့်လှစ်ထားသော မန်းမေတ္တာထရေးဒင်းကုမ္ပဏီမှ ယာဉ်အမှတ် (6H/8215) ယာဉ်ကို ဦးထင်လင်းအမည်ဖြင့် ထပ်မံဝယ်ယူခဲ့ပါသည်။ ဦးဆန်းလွင်ထွန်းနှင့် ဦးအောင်ကိုလတ်တို့ ထပ်မံဝယ်ယူသည့်ယာဉ်ကို ကျွန်ုပ်၏မိတ်ဆွေက မကြိုက်နှစ်သက်သောကြောင့် ပထမရောင်းချထားသည့် အံစာတုံးကားအမှတ် (1H/8524) ယာဉ်၏ ရောင်းကြေးတန်ဖိုးဖြစ်သော ငွေကျပ်၁၅၃ သိန်းကိုသာ ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သည်ဟု သိရသည်။ ဦးဆန်းလွင်ထွန်းနှင့် ဦးအောင်ကိုလတ်တို့သည် နောက်ထပ်ဝယ်ယူသော (6H/8215) ယာဉ်ကို ဦးကြည်တိုးဆိုသူထံသို့ ရောင်းချပြီးဖြစ်သည်ဟု သိရသော်လည်း ကျွန်ုပ်ထံသို့ ယခုအချိန်အထိ တစ်စုံတစ်ရာ လာရောက်ရှင်းလင်းပေးခြင်း၊ အဆက်အသွယ်ပြုလုပ်ခြင်းမရှိဘဲ အလွဲသုံးစားပြုလုပ်ထားသည်ဟု သိရပါသည်။ ထို့ကြောင့် ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးထင်လင်းထံသို့ဖြစ်စေ လာရောက်ရှင်းလင်းပေးရန် အသိပေး အကြောင်းကြားပါသည်။ လာရောက်ရှင်းလင်းခြင်းမရှိပါက လူကြီးမင်းတို့အား အလွဲသုံးစားပြုလုပ်မှုဖြင့် တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားပါသည်။

**ဦးအောင်ကျော်ဦး**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၅၇၉)**

| | | |
|---|---|---|
| **ဒေါ်စန်းယုခိုင်** | **ဦးသက်နိုင်စိုး** | **ဦးမြတ်ထွန်းဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၂၈၆)** | **(စဉ်-၈၇၄၁)** | **(စဉ်-၉၂၂၉)** |

**အကွက်အမှတ် (၂၉၈)၊ ဒေးဝန်းအရှေ့ရပ်၊ ၈၉လမ်း၊ ၃၅×၃၆လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၂၂၄၃၊ ၀၉-၂၀၁၄၅၃၆၊ ၀၉-၂၀၆၅၄၉၉၊ ၀၉-၉၁၀၁၂၅၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၅၃၉၈၂ FT FLI GHT HO ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဆီတက်ချန် ၁၃/လရန(နိုင်)၀၇၂၁၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁အနော်မာ၊ မြေကွက်အမှတ် ၄၃/က၊ မြေကွက်တည်နေရာအမှတ် ၄၃/က၊ အနော်မာ ၁လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဦးသန်းအေး၊ (၂) ဒေါ်စန်းရီ၊ (၃) ဦးမြင့်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဧရိယာပေ(၂၀×၆၀)အနက်မှ ဒေါ်စန်းရီနှင့် ဦးမြင့်အောင်ပိုင် ၁၀ပေ×ပေ၆၀ အား သာကေတမြို့နယ် တရားရုံး၌ ဒေါ်တင်တင်မာမှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၁၀၇ဖြင့် ဦးမြင့်အောင်၊ ဒေါ်စန်းရီအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၁၂၀ အမိန့်တို့တင်ပြ၍ တရားရုံး ကိုယ်စားဘိလစ် ဒေါ်တင်မေလွင်၁၂/ဗဟန(နိုင်)၀၂၀၈၆၇က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူမှုရေးကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဒေါက်တာ ဦးကြည်(နတ်တလင်း)**

**M.B.,B.S, Ph.D., (Uro), (Glasgow)**

ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး

**အသက်(၉၃)နှစ်**

အန်ကယ် ဒေါက်တာဦးကြည်သည် ၂၉-၁၂-၂၀၁၄ ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အန်တီ ဒေါ်ခင်သန်းမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Daw Jessie Ming Family**
**I Llinois, USA**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ပို့ (တန့်ဆည်) (ငွေဟင်္သာ ဆန်စက်၊ ဆီစက်)**

**အသက်(၉၁)နှစ်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ပို့(တန့်ဆည်) အသက်(၉၁)နှစ် (ငွေဟင်္သာဆန်စက်၊ ဆီစက်)သည် ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ပို့ (တန့်ဆည်) (ငွေဟင်္သာ ဆန်စက်၊ ဆီစက်)**

**အသက်(၉၁)နှစ်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ပို့(တန့်ဆည်) အသက်(၉၁)နှစ် (ငွေဟင်္သာဆန်စက်၊ ဆီစက်)သည် ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

### ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ပို့(တန့်ဆည်)**

**အသက် (၉၁)နှစ်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ မိခင် ဒေါ်ပို့သည် ၂၇-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်**
**Fortune International Ltd.**

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးမြဝင်း(ငြိမ်း)**

**အသက် (၈၈)နှစ်**

မော်ကွန်းဝင် ဒုတိယအဆင့်

ရန်ကုန်တိုင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်(ငြိမ်း)

ဦးဝင်းခန့်(ညွှန်ကြားရေးမှူးချုပ်၊ ပို့ဆောင်ရေးဦးစီးဌာန)-ဒေါက်တာဝင်းပုလဲ (ပျဉ်းမနား ခုတင် ၂၀၀ဆေးရုံ)တို့၏ ဖခင် ဒေါ်ခင်မာမာ၏ ခင်ပွန်း ဗိုလ်ကြီးမြဝင်း (ငြိမ်း)သည် ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်စိုး(ဦးဆောင်ညွှန်ကြားရေးမှူး)နှင့် ဇနီးဒေါက်တာကြည်ကြည်လွင်**
**ဝန်ထမ်းမိသားစုများ၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသစ်လွင်**

B.E (Mech;)

**အသက် (၇၀)**

ချစ်ခင်လေးစားရပါသော ဆရာ ဦးသစ်လွင်(အင်ဂျင်နီယာချုပ်-ငြိမ်း)၊ အမှတ်(၁) ဆေးဝါး စက်ရုံ(ရန်ကုန်)သည် ၂၈-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ…ကောင်းရာသုဂတိလားပါစေ…

**နေဝင်းနှင့်ညီများ စက်မှုလက်မှု**
**စိန်ပန်း၊ မန္တလေး**

### ဝမ်းနည်းကြေကွဲခြင်း

**မမြဃမင်းကြိုင်**

**2nd M.B.,B.S(Junior) ဆေးတက္ကသိုလ်(၂)**

**အသက်(၁၇)နှစ်**

သူငယ်ချင်းမမြဃမင်းကြိုင်သည် ၂၄-၁၂-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၁၅နာရီ တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **(12/2013)Batch**

**ဆေးတက္ကသိုလ်(၂)ရန်ကုန်မှသူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင်သစ်တောဦးစီးဌာန)**
**ဦးစစ်ထွေး(တောခေါင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးသန်းထိုက်အောင်(တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးဗိုလ်မင်း(တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**

သစ်တောဦးစီးဌာန(ရှမ်းပြည်နယ်)၊ လင်းခေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးစစ်ထွေး၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးသန်းထိုက်အောင်နှင့် တောခေါင်း ဦးဗိုလ်မင်းတို့သည် ၂၇-၁၂-၂၀၁၄ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လ/ထညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**တောင်ကြီးခရိုင်သစ်တောဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင်သစ်တောဦးစီးဌာန)**
**ဦးစစ်ထွေး(တောခေါင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးသန်းထိုက်အောင်(တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးဗိုလ်မင်း(တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**

သစ်တောဦးစီးဌာန(ရှမ်းပြည်နယ်)၊ လင်းခေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်းဦးစစ်ထွေး၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးသန်းထိုက်အောင်နှင့် တောခေါင်း ဦးဗိုလ်မင်းတို့သည် ၂၇-၁၂-၂၀၁၄ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လ/ထညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**လွိုင်လင်ခရိုင်သစ်တောဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း**

**(လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင်၊ သစ်တောဦးစီးဌာန)**

ရှမ်းပြည်နယ် လင်းခေးခရိုင်၊ လင်းခေးအထကမှ ဒေါ်မြင့်မြင့်ကြည် (အလပြ)၏ ခင်ပွန်း ဦးလှမင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင်၊ သစ်တောဦးစီးဌာန)သည် ၂၇-၁၂-၂၀၁၄ ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်သန်းသန်းနု၊ ဒေါ်အေးအေး၊ ဒေါ်ခင်မော်မော်၊ ဒေါ်ကြင်ကြင်နု**
**ဒေါ်သင်းသင်းလွင်၊ ဒေါ်သန်းသန်း၊ ဒေါ်အိအိမော်၊ ဒေါ်အေးမြင့်**
**အထက(၄)မြင်းခြံ**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင် သစ်တောဦးစီးဌာန)**
**ဦးစစ်ထွေး (တောခေါင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးသန်းထိုက်အောင် (တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးဗိုလ်မင်း (တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**

သစ်တောဦးစီးဌာန(ရှမ်းပြည်နယ်)၊ လင်းခေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးစစ်ထွေး၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးသန်းထိုက်အောင်နှင့် တောခေါင်း ဦးဗိုလ်မင်းတို့သည် ၂၇-၁၂-၂၀၁၄ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နေပြည်တော်၊ ဒက္ခိဏခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင် သစ်တောဦးစီးဌာန)**
**ဦးစစ်ထွေး (တောခေါင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးသန်းထိုက်အောင် (တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးဗိုလ်မင်း (တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**

သစ်တောဦးစီးဌာန(ရှမ်းပြည်နယ်)၊ လင်းခေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးစစ်ထွေး၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာနမှ တောခေါင်း ဦးသန်းထိုက်အောင်နှင့် တောခေါင်း ဦးဗိုလ်မင်းတို့သည် ၂၇-၁၂-၂၀၁၄ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နေပြည်တော်၊ ဥတ္တရခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လင်းခေးခရိုင်သစ်တောဦးစီးဌာန)၊**
**ဦးစစ်ထွေး (တောခေါင်း၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာန)၊**
**ဦးသန်းထိုက်အောင် (တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**
**ဦးဗိုလ်မင်း (တောခေါင်း၊ လင်းခေးမြို့နယ်သစ်တောဦးစီးဌာန)**

သစ်တောဦးစီးဌာန (ရှမ်းပြည်နယ်) လင်းခေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း၊ မိုးနဲမြို့နယ် သစ်တောဦးစီးဌာနမှ တောခေါင်း ဦးစစ်ထွေး၊ လင်းခေးမြို့နယ် သစ်တောဦးစီးဌာနမှ တောခေါင်း ဦးသန်းထိုက်အောင်နှင့် တောခေါင်း ဦးဗိုလ်မင်းတို့သည် ၂၇-၁၂-၂၀၁၄ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်လတ်နှင့်မိသားစု**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးပြည့်ဖြိုးအောင်**

တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁၀)

**အသက်(၂၉)နှစ်**

တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၁၀)မှ ဗိုလ်ကြီးပြည့်ဖြိုးအောင်သည် ၂၈-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်မိသားစုများနှင့် ညီအစ်ကိုသူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်း (ရေနံချောင်း)**

**အသက် (၁၀၀)**

ဒေါက်တာ တင်တင်ဝင်း(ဂျူး)၏ဖခင် ဦးသောင်း အသက်(၁၀၀)သည် ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝိသုဒ္ဓိမဂ်၊ ဓမ္မလမ်း ဝိပဿနာ**
**(မန္တလေး/ရန်ကုန်)အဖွဲ့**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဦးကြည်(နတ်တလင်း)**

**M.B.,B.S, Ph.D (Uro), (Glasgow)**

ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး

**အသက်(၉၃)နှစ်**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် (Fortune International.,Ltd.)တို့၏ဖခင် ဒေါက်တာ ဦးကြည်သည် ၂၉-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေလင်းဦး၊ ဦးစိုးဦး**
**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကြည်(နတ်တလင်း)**

**M.B.,B.S, Ph.D (Uro), (Glasgow)**

ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး

**အသက်(၉၃)နှစ်**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် (Fortune International Ltd.)တို့၏ဖခင် ဒေါက်တာဦးကြည်သည် ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းမြင့်**
**ကောင်းထက်အဆင့်မြင့်မွေးမြူရေးအစာလုပ်ငန်း**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကြည်(နတ်တလင်း)**

**M.B.,B.S, Ph.D (Uro), (Glasgow)**

ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး

**အသက်(၉၃)နှစ်**

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် (Fortune International Ltd.)တို့၏ဖခင် ဒေါက်တာဦးကြည်သည် ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**GM နှင့်ဝန်ထမ်းများ**
**GUYOMARC'H FORTUNG ကုမ္ပဏီ**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကွန်တင်**

**အသက်(၈၃)နှစ်**

ဦးမျိုးအောင် တွဲဖက်အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း(MPEA)-ဒေါ်ခင်ရည်မွန် (Sun Myanmar Group of Companies)တို့၏မိခင် ဒေါ်ကွန်တင်သည် ၂၄-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Diamond Dragon Co.,Ltd.**
**မိသားစုနှင့် ကုမ္ပဏီဝန်ထမ်းများ**

### မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြောင်း

**ဆရာမ ဒေါ်ခင်စိန်**

မိုးကောင်းမြို့

**အသက်(၇၈)နှစ်**

ဦးသန့်အောင်ကျော်(ဒုတိယညွှန်ကြားရေးမှူးချုပ် သမ္မတရုံးဝန်ကြီးဌာန ၅၊ နေပြည်တော်)-ဒေါ်စုစုထွန်း(ကံ့ကော်မေအုပ်စု ကုမ္ပဏီလီမိတက်)တို့၏ မိခင် ဆရာမဒေါ်ခင်စိန်သည် ၂၄-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**သီတာအောင်၊ ချိုချိုအောင်**
**(သိန်းထွန်းအောင် ကုမ္ပဏီလီမိတက်)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသစ်လွင်**

**အသက်(၇၀)**

တပည့်များအပေါ် ပညာအမွေများစွာ သွန်သင်မျှဝေပေးခဲ့သော ကျေးဇူးရှင် ဆရာဦးသစ်လွင်သည် ၂၈-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**
**ပြင်ဦးလွင်ဆေးဝါးစက်ရုံ**

### ဝမ်းနည်းကြေကွဲခြင်း

လင်းခေးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးဘိုမင်းသည် ၂၇-၁၂-၂၀၁၄ ရက်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဆရာမဒေါ်ခင်သူဇာအေး**

**သူငယ်ချင်းများ - ထွန်းထွန်းဦး၊ တော်ကျော်၊ ပေါက်ပေါက်၊ ကျော်ဝင်း၊ မောင်ကြည်၊ ကိုထွေး၊ မန်းစံလင်း၊ ကျော်ဇင်နိုင်၊ ခင်စိုးစိုးအေး၊ ခိုင်ရွှေဝါ၊ သိန်းသိန်းမော်၊ မော်မော်အောင်**

# မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီးထုလုပ်ရန် ကျောက်တော်ကြီး နေပြည်တော်သို့ စတင်သယ်ဆောင်



**မန္တလေး ဇန်နဝါရီ ၁**

နေပြည်တော် ဖိုးဇောင်းတောင်၊ အောင်မောင်ဦးတောင်ညွန့်၌ တည်ထားကိုးကွယ်မည့် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ရန် ကျောက်တော်ကြီးကို ထွက်ရှိရာ စကျင်ကျေးရွာမှ နေပြည်တော်သို့ ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်အချိန်တွင် စတင်ပင့်ဆောင်သည်။

အဆိုပါ ကျောက်တော်ကြီး ပင့်ဆောင်ရာ လမ်းတစ်လျှောက် ပြည်သူအများလာရောက် ဖူးမြော်ကြကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး သယ်ဆောင်ရာလမ်း တစ်လျှောက်ရှိ မြို့နယ်များဖြစ်သည့် မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှဌာန

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ယနေ့ မာတိကာ


မားစ်ဂြိုဟ်ပေါ်တွင် ဆလတ်ထုပ်စိုက်ပျိုးနိုင်ရန် အင်္ဂလန်သိပ္ပံပညာရှင်များ စီစဉ် စာ » ၄

ညောင်ရွှေမြို့နယ်၌ အင်းတိုင်းရင်းသားများ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒထုတ်ဖော် စာ » ၅

နိုင်ငံတကာဥပဒေကို တစေ့တစောင်းလေ့လာခြင်း စာ » ၁၀

အာဆင်နယ်ထက် ဆောက်သမ်တန်အသာရမည်ဆို စာ » ၁၃

ဘိုကလေးမြစ်ကူးတံတားဖွင့် စာ » ၁၅


# နေပြည်တော်၌ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ကေအိုင်အေ/ကေအိုင်အို၊ တီအင်န်အယ်လ်အေအဖွဲ့ ခေါင်းဆောင်များအား ဖိတ်ကြားထား

**နေပြည်တော် ဇန်နဝါရီ ၁**

နှစ်ပေါင်း (၅၀)ကြာ တိမ်မြုပ်နေသော မြန်မာနိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ခုကို ပြန်လည်ဖော်ထုတ်ပြသသည့်အနေဖြင့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကို ဇန်နဝါရီ ၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါဗိုလ်ရှုခံအခမ်းအနားသို့ မဏ္ဍိုင်သုံးရပ်မှအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်နှစ်ရပ်မှ ရေးရာကော်မတီ/ကော်မရှင်ဥက္ကဋ္ဌများ၊ နိုင်ငံရေး ပါတီများမှ ခေါင်းဆောင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များမှ ခေါင်းဆောင်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဖိတ်ကြားထားကြောင်း သိရှိရသည်။

ထို့အပြင် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၄)ဖွဲ့မှ တာဝန်ရှိသူများနှင့်အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးနိုင်ရန် ငြိမ်းချမ်းရေးဆွေးနွေးဆဲ ကေအိုင်အေ/ကေအိုင်အိုနှင့် တီအင်န်အယ်လ်အေအဖွဲ့ ခေါင်းဆောင်များကိုလည်း ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီကြိုဖလားကို ဘယ်အသင်းရယူမလဲ

**ရန်ကုန် ဇန်နဝါရီ ၁** သတင်း-ညီမြတ်သော်တာ ➢ ဓာတ်ပုံ-စိုးညွန့်

၂၀၁၅ ရာသီ၏ အဖွင့်ပွဲအဖြစ် MNL ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ၂၀၁၅ ရာသီသစ်၏ ပွဲဦးထွက်ပွဲဖြစ်သောကြောင့် ရတနာပုံအသင်းရော ဧရာဝတီအသင်းပါ ကြိုးစားယှဉ်ပြိုင်မည်မှာ သေချာပေသည်။



MNL ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၄ အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းနှင့် ရှုံး/ထွက် ချန်ပီယံ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ရာသီသစ်တွင် မည်သည့်အသင်း ဗိုလ်စွဲမလဲဆိုသည်မှာ စိတ်ဝင်စားဖို့ကောင်းသကဲ့သို့ နှစ်သင်းစလုံးကစားသမားသစ်များစွာ ခေါ်ယူထားမှုကြောင့်လည်း ပြိုင်ပွဲအရှိန်ကို ပိုမိုမြင့်တက်စေမှာ သေချာပေသည်။

ရတနာပုံအသင်းကို တစ်ကျော့ပြန် အမှတ်ပေးချန်ပီယံဖြစ်အောင်

*စာမျက်နှာ ၃ ကော်လံ ၄* ✻

## သတိပေးနှိုးဆော်ချက်

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၄-၁-၂၀၁၅ ရက်နေ့ ၀၃း၃၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကိုခေတ္တပိတ်ထားမည် ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ဆက်လက်မောင်းနှင်ရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိပါသည်။**



mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း





Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

# မြန်မာ့အလင်း ဂျာနယ် စီးပွားရေးသတင်းစာ




၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

**ကလေးမြို့ ပင်မယာဉ်ရပ်နားစခန်း အဆင့်မြင့်ကားကြီးဝင်း အဆောက်အအုံသစ်တည်ဆောက်**

စာ - ၄



လူမှုစီးပွား

**နွယ်ငြိမ်းကျေးရွာမှ မြန်မာ့အိုးလုပ်ငန်းအကြောင်း တစေ့တစောင်း**

စာ - ၅






ရီးရဲမက်ဒရစ်နှင့် တစ်ရစ်ချင်းတင်းလာမည့်ကြိုး

စာ - ၂

Globe

စာ - ၂

စာ - ၇

စာ - ၇

# စိတ်ဝင်စားဖို့ကောင်းလာတဲ့ဂါရက်ဘေးလ်ရဲ့လားရာ

စာ - ၇

## အက်ဖ်အေဖလားတတိယအဆင့်

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂-၁-၁၅)** | | | |
| နံနက် ၂း၁၅ (စနေနံနက်) | ကာဒစ်ဖ် | - | ကိုချက်စတာ |
| **စနေနေ့ (၃-၁-၁၅)** | | | |
| ည ၉း၃၀ | ချာလ်တန် | - | ဘလက်ဘန်း |
| ည ၉း၃၀ | ရိုချာဒဲလ် | - | နော်တင်ဟမ် |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ဂိတ်စ်ဟက် |
| ည ၉း၃၀ | စပါတန် | - | ဘာမင်ဂမ် |
| ည ၉း၃၀ | ရိုသာဟန် | - | ဘုန်းမောက် |
| ည ၉း၃၀ | ဟတ်ဒါဖီးလ် | - | ရက်ဒင်း |
| ည ၉း၃၀ | ထရန်မီရီ | - | ဆွမ်ဆီး |
| ည ၉း၃၀ | ဘော်လ်တန် | - | ဝီဂန် |
| ည ၉း၃၀ | မီလ်ဝေါ | - | ဘရက်ဖို့ဒ် |
| ည ၉း၃၀ | ဒါဘီ | - | ဆောက်ပို့ဒ် |
| ည ၉း၃၀ | ဘရန့်ဖို့ဒ် | - | ဘာမင်ဂမ် |
| ည ၉း၃၀ | ဖူလ်ဟမ် | - | ဝုဖ် |
| ည ၉း၃၀ | လက်စတာ | - | ကာဆယ် |
| ည ၉း၃၀ | ကိန်းဘရစ်ချ် | - | လေတန် |
| ည ၉း၃၀ | ဘန်စလေ | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | ပရက်စတန် | - | နော့ဝှစ်ချ် |
| ည ၉း၃၀ | ဒွန်ကက်စတာ | - | ဘရစ်စတိုးလ် |
| **တနင်္ဂနွေနေ့ (၄-၁-၁၅)** | | | |
| ည ၇း၃၀ | ဒိုဗာ | - | ပဲလေ့စ် |
| ည ၇း၃၀ | ဆန်းဒါးလန်း | - | လိဒ်စ် |
| ည ၇း၃၀ | ကျူပီအာ | - | ရှက်ဖီးလ်ယူ |
| ည ၉း၃၀ | ဆောက်သမ်တန် | - | အစ်ဝှစ်ချ် |
| ည ၉း၃၀ | စတုတ် | - | ဝက်စ်ဟမ်း |
| ည ၉း၃၀ | မန်စီးတီး | - | ရှက်ဖီးလ် |
| ည ၉း၃၀ | ဗီလာ | - | ဘလက်ပူးလ် |
| ည ၁၀း၀၀ | ယိုဗေးလ် | - | မန်ယူ |
| ည ၁၀း၃၀ | ချဲလ်ဆီး | - | ဝတ်ဖို့ဒ် |
| နံနက် ၀၀း၀၀ | အာဆင်နယ် | - | ဟားလ် |

## စပိန်လီဂါပွဲစဉ်(၁၇)

| | | | |
|---|---|---|---|
| **စနေနေ့ (၃-၁-၁၅)** | | | |
| ည ၉း၃၀ | အက်သလက် | - | လီဗန်တေး |
| ည ၁၁း၃၀ | ဆီဗီလာ | - | ဆယ်တာဗီဂို |
| နံနက် ၁း၃၀ | အဲလ်ချီ | - | ဗီလာရီးရဲ |
| နံနက် ၃း၃၀ | ဒီပို့တီဗို | - | ဘီဘာအို |
| နံနက် ၃း၃၀ | မာလာဂါ | - | အယ်မာရီးယား |
| **တနင်္ဂနွေနေ့ (၄-၁-၁၅)** | | | |
| ညနေ ၅း၃၀ | ဂီတာဖေး | - | ဗယ်လီကာနို |
| ည ၁၀း၃၀ | ဗလင်စီယာ | - | ရီးရဲ |
| နံနက် ၀၀း၃၀ | အက်စ်ပန်ညို | - | အီဘား |
| နံနက် ၂း၃၀ | ဆိုစီဒက် | - | ဘာစီလိုနာ |
| **တနင်္လာနေ့ (၅-၁-၁၅)** | | | |
| နံနက် ၂း၁၅ | ကော်ဒိုဘာ | - | ဂရန်နာဒါ |

PUN HLAING HOSPITAL

ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်



ဇန်နဝါရီလ ၈ ရက်မှ ၁၁ ရက်နေ့အထိ

Call us - 01 684321 ~ 3, 684325, 684336, 09 4210 42679   marketing-phih@spa-mm.com   punhlainghospital.yangon


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
68 Residence
WE DEFINE LIFESTYLE
DEVELOPED BY UNITED GP
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than 84% Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ ခုနှစ်
ဖေဖော်ဝါရီလ (၁၃) ရက်နေ့
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT များ
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
OrangeTee
777
1st Prize
2nd Prize
3rd Prize
CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3)
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES
SQFT


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ်
စက္ကန့်ခြောက်ဆယ် ကို ၂၅ကျပ်ပဲ
ကျသင့်ပါတယ်။
ooredoo
၁စက္ကန့်
=
၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန်
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

**လွန်ခဲ့တဲ့ ၁၇ နှစ်ကျော်ကာလက အက်သလက်တီကိုအသင်းကို စတင်ရောက်ရှိခဲ့တဲ့ ပိန်ပိန်ရှည်ရှည်နဲ့ကစားသမားလေးဟာ အခုအသက် ၃၀ အရွယ်မှာတော့ သူ့ရဲ့အသင်းဟောင်းကို တစ်ကျော့ပြန် ရောက်ရှိလာခဲ့ပါပြီ။ မကြာသေးမီ ရက်ပိုင်းကပင် အေစီမီလန်အသင်းဟာ ချယ်လ်ဆီးအသင်းကနေ အငှားနဲ့ခေါ်ယူထားခဲ့တဲ့ တိုက်စစ်မှူးတောရက်စ်ကို အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူလိုက်ပြီဆိုပြီး ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အခုတော့ တောရက်စ်ဟာ အေစီမီလန် ကစားသမားအဖြစ်နဲ့ သူ့ရဲ့အသင်းဟောင်း အက်သလက်တီကိုအသင်းကို အငှားနဲ့ ပြန်လည်ရောက်ရှိဖို့ သဘောတူညီမှုရရှိသွားခဲ့ပြီဖြစ်ပါတယ်။**

# တောရက်စ်ရဲ့ တစ်ကျော့ပြန်အိပ်မက်နဲ့ လာလီဂါခရီးကြမ်း

တကယ်တော့ တိုက်စစ်မှူး တောရက်စ်ဟာ အက်သလက်တီကို အသင်းကို ၁၃ နှစ်သားကတည်းက ရောက်ရှိလာခဲ့တာဖြစ်ပြီး အသင်းကနေ ထွက်ခွာခဲ့တာဟာ ခုနစ်နှစ်ခွဲ ကာလကြာခဲ့ပြီလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး တောရက်စ်ဟာ အက်သလက်တီကို အသင်းမှာ ၂၀၀၁ ခုနှစ်ကစတင်ကစားခဲ့တာဖြစ်ပြီး ၂၀၀၇ ခုနှစ်မှာတော့ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းကို ပေါင်သန်း ၂၀ နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဒီအချိန်ကာလတုန်းကတော့ လီဗာပူးအသင်းရဲ့ စံချိန်တင်ခေါ်ယူခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးလို့ ပြောရမှာပါ။ အခုလို လီဗာပူးအသင်းအနေနဲ့ တောရက်စ်ကို အသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူရတာကလည်း တောရက်စ်ဟာ အက်သလက်တီကို အသင်းမှာ အကောင်းဆုံး ခြေစွမ်းပြကစားပြီး ဂိုးတွေဆက်တိုက်သွင်းယူနေခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းအတွက်ကတော့ တောရက်စ်ကိုခေါ်ယူခဲ့တာဟာ မှန်ကန်တဲ့ခေါ်ယူမှုလို့ ဆိုရမှာပါ။ တောရက်စ်ဟာ လီဗာပူးအသင်းကိုရောက်ခဲ့တဲ့ နှစ်မှာပဲ အသင်းအတွက် ပရီမီယာလိဂ် ၂၄ ဂိုးအထိ သွင်းယူပေးခဲ့တာကြောင့် ကလပ်အသင်းသမိုင်းမှာတော့ ရော်ဘီဖောင်လာပြီးရင် ပထမဆုံးရာသီမှာ ဂိုး၂၀ ကျော်သွင်းယူနိုင်ခဲ့တဲ့ ပထမဦးဆုံးကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ တိုက်စစ်မှူး တောရက်စ်ဟာ လီဗာပူးအသင်းရဲ့သမိုင်းမှာတော့ အမြန်ဆုံးလိဂ်ဂိုး ၅၀ သွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း တိုက်စစ်မှူး တောရက်စ်ရဲ့ ကစားသမားဘဝမှာတော့ လီဗာပူးအသင်းဟာ အောင်မြင်မှုတွေအတောက်ပဆုံးနဲ့ အထွန်းတောက်ဆုံးဖြစ်ခဲ့တဲ့နေရာလို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် ဘောလုံးလောကရဲ့ နိယာမဖြစ်တဲ့ ပြောင်းလဲမှုတရားကိုတော့ တောရက်စ်ဟာ ရှောင်လွှဲနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်လည်း ၂၀၁၁ ခုနှစ်မှာတော့ ချယ်လ်ဆီးအသင်းကို ပေါင်သန်း ၅၀နဲ့ ပြောင်းရွှေ့သွားခဲ့ပါတယ်။ လီဗာပူးအသင်းအနေနဲ့ ကနဦးအစောပိုင်းက တောရက်စ်ကို ရောင်းထုတ်ဖို့ ဆန္ဒမရှိဘူးဟု ဆိုနေခဲ့ပေမယ့် ချယ်လ်ဆီးအသင်းရဲ့ ပြောင်းရွှေ့ကြေးမြင့်မားစွာနဲ့ မြှုဆွယ်မှုကိုတော့ မဖယ်ရှားနိုင်ဘဲ နောက်ဆုံးမှာတော့ ရောင်းထုတ်လိုက်ခဲ့ရပါတယ်။ ဒ့ါအပြင် လီဗာပူးအသင်းအနေနဲ့ တောရက်စ်ကိုရောင်းထုတ်လိုက်ရတဲ့ နောက်တစ်ချက်ကတော့ တောရက်စ်ရဲ့ ခြေစွမ်းပိုင်းဟာ အကျပိုင်းရောက်နေပြီ ဖြစ်တာကြောင့်လည်း ဖြစ်ပါတယ်။ အဲဒါကတော့ လီဗာပူးအသင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ရာသီကို ကြည့်မယ်ဆိုရင် ၂၃ ပွဲမှာ ကိုးဂိုးပဲ သွင်းယူနိုင်တာကို တွေ့ရပါတယ်။ ဒါတွေဟာ တောရက်စ်အတွက်တော့ ခြေစွမ်းပိုင်းကျဆင်းလာခဲ့တဲ့ အရိပ်အခြေတွေလို့ ပြောရမှာပါ။



အက်သလက်တီကိုအသင်း၏
၂၁ရာစုဂိုးသွင်းအများဆုံး ကစားသမားများ

| ကစားသမား | ဂိုး | ပွဲ |
|---|---|---|
| တောရက်စ် | ၇၅ | ၁၇၄ |
| အဂူရို | ၇၄ | ၁၇၅ |
| ဖော်လန် | ၇၄ | ၁၃၄ |
| ဖယ်ကာအို | ၅၂ | ၆၀ |
| ဒီယေဂိုကော်စတာ | ၄၃ | ၉၄ |

**● ရလဒ်တွေဆိုးရွားနေတဲ့အေစီမီလန်အသင်းဟာ တိုက်စစ်မှူးတောရက်စ်က အသင်းအတွက် ကောက်ရိုးတစ်မျှင်များဖြစ်မလားဆိုပြီး ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် အေစီမီလန်အသင်းအတွက်တော့ မှန်းချက်နဲ့နှမ်းထွက်မကိုက်ဘူးလို့ ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုရင် တိုက်စစ်မှူး တောရက်စ်ဟာအသင်းရဲ့ စီးရီးအေ ၁၀ပွဲမှာ တစ်ဂိုးပဲ သွင်းယူနိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း အေစီမီလန်အသင်းဟာ တောရက်စ်ကို အငှားနဲ့ခေါ်ယူရာကနေ အပြီးသတ်ခေါ်ယူလိုက်ပြီး အက်သလက်တီကိုအသင်းကို အငှားနဲ့ ပြန်ပိုလိုက်ပါတယ်။**

ဒါကြောင့်လည်း တောရက်စ်ဟာ ချယ်လ်ဆီးအသင်းကို စတင်ပြောင်းရွှေ့ခဲ့တဲ့နှစ်မှာပဲ ပရီမီယာလိဂ်တစ်ဂိုးပဲ သွင်းယူနိုင်ခဲ့ပြီး ကံဆိုးခြင်းတွေ စတင်ခဲ့ပါတော့တယ်။ အဲဒီနောက်ပိုင်း သုံးနှစ်အတွင်းမှာလည်း တိုက်စစ်မှူး တောရက်စ်ရဲ့ ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုးဟာ ၂၀ တောင် မပြည့်ခဲ့ပါဘူး။ တိုက်စစ်မှူး တောရက်စ်အနေနဲ့ ချယ်လ်ဆီးအသင်းမှာ ကစားခဲ့တဲ့ကာလအတွင်း ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်နဲ့ အက်ဖ်အေဖလားတို့ကို ရယူနိုင်ခဲ့ပေမယ့် သူ့ရဲ့အခန်းကဏ္ဍကတော့ တောက်ပြောင်ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းမှာ နေရာပျောက်တဲ့အထိဖြစ်လာပြီး အေစီမီလန်အသင်းကို အငှားနဲ့သွားရောက် ကစားခဲ့ရတဲ့အဆင့်အထိ ရောက်ရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။

ယခုနှစ်ပိုင်းတွေအတွင်း စီးရီးအေမှာ ရလဒ်တွေဆိုးရွားနေတဲ့ အေစီမီလန်အသင်းဟာ တိုက်စစ်မှူး တောရက်စ်က အသင်းအတွက် ကောက်ရိုးတစ်မျှင်များဖြစ်မလားဆိုပြီး ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် အေစီမီလန်အသင်းအတွက်တော့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဘူးလို့ ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုရင် တိုက်စစ်မှူး တောရက်စ်ဟာ အသင်းရဲ့ စီးရီးအေ ၁၀ ပွဲမှာ တစ်ဂိုးပဲ သွင်းယူနိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း အေစီမီလန်အသင်းဟာ တောရက်စ်ကို အငှားနဲ့ခေါ်ယူရာကနေ အပြီးသတ်ခေါ်ယူလိုက်ပြီး အက်သလက်တီကိုအသင်းကို အငှားနဲ့ ပြန်ပို့လိုက်ပါတယ်။

အက်သလက်တီကို အသင်းအနေနဲ့ တိုက်စစ်မှူး တောရက်စ်လို အကျပိုင်းရောက်နေတဲ့ ကစားသမားတစ်ဦးကို အငှားနဲ့ခေါ်ယူရတဲ့ အဓိကရည်ရွယ်ချက်တွေကတော့ အသင်းရဲ့ တိုက်စစ်ပိုင်း အားဖြည့်လိုတာမှန်ပေမယ့် နည်းပြဆီမြွန်နီကိုယ်တိုင်ကလည်း တောရက်စ် အက်သလက်တီကိုအသင်းမှာ ရှိခဲ့စဉ်က အတူကစားခဲ့ဖူးတဲ့ ကစားဖော်ကစားဖက်ဖြစ်တာကြောင့် ရင်းနှီးမှုရှိနေတာကြောင့်လည်းပါပါတယ်။ ဒ့ါအပြင် တိုက်စစ်မှူး တောရက်စ်ဟာ အက်သလက်တီကို ဘောလုံးအသင်းရဲ့ သမိုင်းမှာတော့ ဂိုးသွင်းအများဆုံးကစားသမားတစ်ဦးအဖြစ် ရှိနေပါသေးတယ်။ ဒါကြောင့် တောရက်စ်ရဲ့ လာလီဂါခရီးကြမ်းဟာ ဘယ်လိုရှိမလဲဆိုတာကိုသာ လှမ်းမျှော်ရင်း . . . . . . ။

**အောင်က**


